ဘုမ္မာဝတီစာပေ

# မင်းသိခ်

## ဘဝ
## စာမျက်နှာ
## အပိုင်းအစများ



ဆရာမင်းသိခ်၏ ကိုယ်တိုင်ရေးဘဝဖြစ်စဉ်

# ဘဝစာမျက်နှာများ

တစ်နေ့သ၌ ကျွန်ုပ်ထံသို့ မင်္ဂဇင်းအယ်ဒီတာများ ရောက်ရှိလာကြ၏ ။ အားလုံးလိုလိုပင် ကျွန်ုပ်နှင့် သိကျွမ်းခဲ့ဖူးသူများဖြစ်ကြ၏ ။ ထိုအထဲတွင် ကျွန်ုပ်နှင့် လွန်စွာ ရင်းနှီးသည့် ကိုမြတ်စိုး ဆိုသူလည်း ပါလာလေ၏ ။ ၎င်း ကိုမြတ်စိုးမှာ အယ်ဒီတာများနှင့် ပါလာသော်လည်း ၎င်းကမူ အယ်ဒီတာမဟုတ်။ ထိုအယ်ဒီတာများနှင့် ရင်းနှီး၊ ကျွန်ုပ်နှင့်လည်း ရင်းနှီးသောကြောင့် လိုက်လာခဲ့ခြင်း ဖြစ်၏ ။

အယ်ဒီတာများ လာခြင်းအတွက် ကျွန်ုပ်သည် စိတ်အနှောင့်အယှက်ဖြစ်သည်ဟူ၍ မရှိလှ။ ၎င်းတို့က ဝတ္ထုစာမူတောင်းပြီး ကျွန်ုပ်က ရေးပေးရုံသာ ရှိသည်။ ၎င်းတို့က စာမူခကြိုတင်၍ ပေးလျှင်ပေးသွားမည်။ သို့မဟုတ် စာအုပ်ထွက်သည့်အခါတွင် ပေးမည်။ စာမူခရလျှင် အလွန်အချက်အပြုတ်ကောင်းသော ကျွန်ုပ်၏ တပည့်ကလေးက ကျွန်ုပ်အား ဝက်သားဟင်း ကောင်းစွာ ချက်ပေမည်။ ထိုဝက်သားဟင်းကို စားပြီးနောက် ကျွန်ုပ်သည် စီးကရက်တစ်လိပ်ကို မှိန်း၍ လူပျင်းတို့၏ စည်းစိမ်ကို ကောင်းစွာခံစားမည်။

ဤသည်မှာ ကျွန်ုပ်နှင့် အယ်ဒီတာတို့ တွေ့ဆုံပြီးနောက် လုပ်လေ့လုပ်ထရှိသော ကျွန်ုပ်၏ ဝတ္တရားများပင်ဖြစ်သည်။ သို့ရာတွင် ယခုအခါ၌မူ ကျွန်ုပ်သည် မင်္ဂဇင်း အယ်ဒီတာများ ရောက်လာခြင်းအတွက် မအီမသာ ဖြစ်နေ၏ ။ ၎င်းတို့အနက်မှ အယ်ဒီတာ ကိုဝင်းခက်က..

“ဆရာ ကျွန်တော်တို့ အခုလာတာ ဝတ္ထုစာမူအတွက် လာတာ

မဟုတ်ဘူးဆရာ၊ ကျွန်တော်တို့ လာချင်တာက ဆောင်းပါး၊ အထူးသဖြင့် ဆရာ့ရဲ့ ဘဝစာမျက်နှာတွေကို ရေးခြယ်ထားတဲ့ ဆောင်းပါးမျိုးတွေကို လိုချင်တယ်၊ ကျွန်တော်တို့ လစဉ်ဖော်ပြပေးပါ့မယ်” ဟု ပြောလေ၏။

ကျွန်လူများကလည်း ၎င်း၏ စကားကို ထောက်ခံခြင်းကို ထောက်လျှင် ၎င်းအယ်ဒီတာတို့သည် မူလကပင် ကျွန်ုပ်အား ဤအကြောင်းအရာများကိုပင် ရေးခိုင်းရန် စီမံခဲ့ကြကြောင်း ထင်ရှားလှပေ၏။

ကျွန်ုပ်သည် ၎င်းတို့ပြောသော အကြောင်းအရာတို့ကို မရေးတတ်ပါ။ ထို့ထက်ဆိုရပါမူ မရေးချင်ပါ။ အဘယ့်ကြောင့်ဆိုသော် ကျွန်ုပ်၏ ဘဝစာမျက်နှာဆိုသည်မှာ အကောင်းက နည်း၍ စုတ်ပြဲညစ်ပေနေသည်က များပေသည်။ ကျွန်ုပ်၏ ဘဝစာမျက်နှာများသည် ဖတ်ရှုရန်လည်းကောင်း၊ သိမ်းဆည်းထားရန်လည်းကောင်း လိုအပ်သည့် အရာများဖြစ်သည်ဟု ကျွန်ုပ်ကိုယ်တိုင်လည်း မည်သည့်အခါကမှ မယူဆခဲ့ပါ။

တစ်ခါတစ်ရံ၌ ကျွန်ုပ်၏ အကြောင်းကို ရေးသားလိုသောသူများ တစ်ယောက်စ၊ နှစ်ယောက်စ ကျွန်ုပ်၏ ထံသို့ ရောက်လာတတ်ကြ၏ ။ ထိုအခါမျိုး၌ ကျွန်ုပ်သည် ကျွန်ုပ်၏ ဘဝစာအုပ်ကြီးတစ်ခုလုံးမှ ကောင်းသော စာမျက်နှာများကိုသာ ပြခဲ့၏ ။ စုတ်ပြဲ ညစ်ပေနေသော မျက်နှာများကိုမူ ဝှက်၍ ထားခဲ့၏ ။ ထို့ကြောင့် သူတို့သည် ကျွန်ုပ် စိတ်ကောင်းရှိပုံ၊ ကူညီတတ်ပုံ၊ အလှူအတန်းရက်ရောပုံ၊ ဖော်ရွေပုံ၊ သည်းခံတတ်ပုံ၊ ဘာသာတရားကိုင်းရှိုင်းပုံတို့ကိုသာ သိရှိသွားကြသည်ဖြစ်ရာ ၎င်းတို့သိသည့်အတိုင်းပင် ဟိုတစ်ပုဒ်၊ ဒီတစ်ပုဒ် ရေးကြကုန်၏ ။

ထို့ကြောင့် ကျွန်ုပ်သည် သူတော်စင်ကြီးပမာ ဖြစ်၍ နေ၏ ။ သည်းခံခြင်းတရားနှင့် ပြည့်စုံသူကြီး ဖြစ်နေ၏ ။ သူတစ်ပါးကို ကူညီတတ်သူကြီး ဖြစ်နေ၏ ။ ရက်ရောသူကြီး ဖြစ်နေ၏ ။ အမှန်စင်စစ် ကျွန်ုပ်ကား ဤသို့မဟုတ်။ ကျွန်ုပ်အနေနှင့် မဟုတ်ရုံမျှမက အခြားသူတစ်ဦးဦး၏ အတ္ထုပတ္တိကို ဖတ်ရာ၌

လည်း အလုံးစုံ ဖြူစင်သော သူတော်စင်ကြီးအဖြစ်လည်းကောင်း၊ အလုံးစုံ သည်းခံနိုင်သော ပုဂ္ဂိုလ်ကြီးအဖြစ်လည်းကောင်း၊ အခါမလပ် ရက်ရောသူကြီးအဖြစ် လည်းကောင်း၊ ရေးသားထားပါက ကျွန်ုပ်အဖို့ ထိုအကြောင်းအရာကို ယုံကြည်ရန် အခက်အခဲရှိပေလိမ့်မည်။

အဘယ်ကြောင့်ဟုဆိုသော် လူသည် မကြွင်းမဲ့ သူတော်စင် မဖြစ်နိုင်သကဲ့သို့ အကြွင်းမဲ့ သူယုတ်မာလည်း မဖြစ်နိုင်ဟု ကျွန်ုပ်အနေနှင့် ခိုင်ခိုင်မာမာ ယုံကြည်ထားသောကြောင့်ပင် ဖြစ်၏ ။

ထို့ကြောင့် ကျွန်ုပ်သည် ကျွန်ုပ်၏ ဘဝစာမျက်နှာများကို ဖော်ပြသောအခါ၌ စုတ်ပြဲညစ်ပေနေသော စာမျက်နှာများကို ချန်လှပ်၍ အကောင်းကလေးတွေချည်း ဖော်ပြရန် မဖြစ်နိုင်ကြောင်း သဘောပေါက်သည့်အားလျော်စွာ အထက်ကဆိုခဲ့သော အယ်ဒီတာတို့အား ကျွန်ုပ်ဘဝစာမျက်နှာများကို ရေးပေးရန်အတွက် ကတိမပေးဝံ့ဘဲ ရှိပေတော့၏ ။

သို့ရာတွင် ကျွန်ုပ်၌ ထူးဆန်းသော စိတ်သဘာဝ တစ်ခုရှိ၏ ။ တုန်လှုပ်ကြောက်ရွံ့နေစဉ် အတွင်း ရုတ်တရက် သတ္တိဝင်လာတတ်၏ ။ ရဲရဲဝံ့ဝံ့ဖြစ်နေစဉ်အတွင်း ကြောက်ရွံ့မှုများ ရုတ်တရက် ဝင်လာတတ်၏ ။ ထို ထူးဆန်းသော စိတ်သဘာဝ သည် မကြာခဏ ကျွန်ုပ်အား အကျိုးပြုသကဲ့သို့ မကြာခဏလည်း ချောက်တွန်းတတ်၏ ။ ယခုလည်း ကျွန်ုပ်၏ စုတ်ပြဲညစ်ပတ်နေသော ဘဝစာမျက်နှာကို ရေးပြရန် ကြောက်ရွံ့နေစဉ်၌ ပင် မည်သို့မည်ပုံ ဖြစ်သည်မသိ။ ရုတ်တရက် ရဲရင့်မှုများ ဝင်လာ၏ ။

ထို့ကြောင့်..

“ရေးမယ်ဗျာ” ဟု ထိုအယ်ဒီတာတို့အား ဝန်ခံလိုက်လေတော့သတည်း။

*

# ပန်းချီဆရာ၏ သား



မင်းသိင်္ခ၏မိသားစုပုံ



ဦးစံရှိန် (ဆရာမင်းသိင်္ခ၏ ဖခင်ကြီး) ပန်းချီဆွဲနေပုံ

ဘုမ္မာဝတီစာပေ

ပန်းချီဆရာတစ်ဦး၏ သားဖြစ်သော ကျွန်ုပ်သည် ဆေးခွက်များအကြား၌ လည်းကောင်း၊ ပန်းချီကားများအကြား၌ လည်းကောင်း၊ ကြော်ငြာဆိုင်းဘုတ်များအကြား၌ လည်းကောင်း၊ စာသင်ခန်းများ၌ လည်းကောင်း၊ ရုပ်ကွက်အလေးမအသင်းများအကြား၌ လည်းကောင်း၊ ကျယ်ဝန်းသော အမှိုက်ပုံကြီး၌ လည်းကောင်း၊ လမ်းပေါ်၌ လည်းကောင်း၊ သူငယ်ချင်းဖြစ်သူ စိုးသိန်းနှင့်အတူ ကြီးပြင်းလာခဲ့ရလေ၏။ ကျွန်ုပ်သည် စာသင်ခန်းသို့ မှန်မှန်သွားနေရာမှ ကျောင်းပြေးကြည့်ချင်စိတ်များ ဖြစ်ပေါ်လာလေ၏။ ထို့ကြောင့် ကျောင်းပြေးကြည့်၏။ လော်ကယ်ရထားများကို လက်မှတ်မဝယ်ဘဲ စီးခဲ့၏။ လက်မှတ်စစ်များကို ပြောင်ပြခဲ့၏။ ထို့နောက် ကန်တော်ကြီး၌ တစ်နေကုန် ရေချိုး၏။ မောလျှင် သစ်ပင်ရိပ်၌ ထိုင်၏။ အမောပြေလျှင် ရေပြန်ချိုး၏။ ဤအလုပ်များကို ငြီးငွေ့လာသောအခါ၌ စာသင်ခန်းသို့ ပြန်လာ၏။

ဤသို့နှင့်ပင် အသက် (၁၄) နှစ်အရွယ်သို့ ရောက်လာသောအခါ၌ ရင်အုပ်ကားခြင်း၊ လက်မောင်းကြွက်သားများ ဖုထစ်ခြင်း၊ ကိုယ်လုံးကိုယ်ထည် သန့်မာခြင်းကို ဂုဏ်ဒြပ်တစ်ခုအဖြစ် ယူဆလာပြန်ကာ ရုပ်ကွက်အလေးမရုံများသို့ စိတ်ဝင်စားလာပြန်သည်။ အလေးမ၏။ မကြာခဏ လက်မောင်းကြွက်သားများ၊ ရင်အုပ်ကြွက်သားများကို အလေးမ၏။ မကြာခဏ လက်မောင်းကြွက်သားများ၊ ရင်အုပ်ကြွက်သားများကို ထုတ်ကြည့်၏။ “ဝင်း”ဟုခေါ်သည့် ချိုင်းအောက်မှ ကြွက်သားကို ဆန့်ကားကြည့်၏။ နိုင်ငံခြားမှ ဗလမောင်များ၏ ပုံများကို မရမက ရှာဖွေကာ မှန်၌ လည်းကောင်း၊ နံရံများ၌ လည်းကောင်း၊ တံခါးများ၌ လည်းကောင်း ကပ်၍ အားကျသော အကြည့်ဖြင့် ကြည့်ခဲ့၏။ထို့ကြောင့် အသက် (၁၆) နှစ်သို့ ရောက်လာသောအခါ၌ ကျန်းမာသန်စွမ်းသော ယောကျ်ားတစ်ဦး၏ အဖြစ်သို့ ရောက်ရှိလာတော့၏။



ဦးစံရှိန် (ဖခင်)၊ ဆရာမင်းသိင်္ခ၊ ဒေါ်တင် (မိခင်)

တစ်နေ့သ၌ ကျွန်ုပ်နှင့် စိုးသိမ်းတို့သည် ညစာစားပြီး၍ လည်ပတ်ကြရာ ကျွန်ုပ်တို့နေထိုင်ရာနှင့် များစွာမဝေးသော ဓမ္မဝိဟာရဆိုသည့်လမ်းသို့ ရောက်ရှိခဲ့ကြလေ၏။ ထိုလမ်းထိပ်တွင် ရွှေဝင်းဆိုသည့် ကျောင်းနေဖက် သူငယ်ချင်းတစ်ဦးနှင့်တွေ့ရာ ၄င်းရွှေဝင်းက..

"မင်းတို့တွေ ဒီဘက်ကို မလျှောက်ကြနဲ့ကွ၊ မြန်မြန်ပြန်ကြတော့၊ တို့အဖေနဲ့ ဦးလေးတို့တွေ ဟိုမြင်းဇောင်းထဲမှာ အရက်သောက်နေကြတယ်၊ တော်တော်ကြာရင် သူဌေးလမ်းဘက်ကလာပြီ လက်ဖက်ရည်သောက်မယ့် လူတစ်ယောက်ကို ဝိုင်းပြီးရိုက်ကြလိမ့်မယ်၊ အဲဒါ မင်းတို့ကို ထိမိ၊ခိုက်မိလိမ့်မယ်၊ မြန်မြန်ပြန်ကြ"

ဟု ပြောလေ၏။ ထိုအခါ စိုးသိန်းက ကျွန်ုပ်အား..

"ပြန်ကြရအောင်ပါကွာ"

ဟု ပြောသော်လည်း ကျွန်ုပ်သည် ထိုရိုက်ပွဲကို ကြည့်လိုစိတ်များ ဖြစ်ပေါ်လာတော့၏။ ထို့ကြောင့် ကျွန်ုပ်က..

"ဟေ့..ရွှေဝင်း မင်းပြောတဲ့ သူဌေးလမ်းကလူက ဘာလုပ်တာလဲ" ဟု မေးလိုက်ရာ ထိုသူငယ်ချင်းက..

"ငါ သိတာတော့ ပန်းထိမ်ဆရာလို့ သိတယ်ကွ၊ ဓမ္မဝါဟာရလမ်းနဲ့ မလွှကုန်းလမ်းထောင့်က လက်ဖက်ရည်ဆိုင်ကို လာမှာ"

ဟု ပြောလိုက်၏။ ထိုအခါ ကျွန်ုပ်လည်း ရွှေဝင်းကို နှုတ်ဆက်ပြီးနောက် စိုးသိန်းနှင့်အတူ ထိုလမ်းဘက်ဆီသို့ ထွက်ခဲ့လေ၏။ ထိုအခါ စိုးသိန်းက

"ဘာလုပ်မလို့တုံး"ဟု မေးလေ၏။

"ကြည့်ရတာ ပေါ့ကွ၊ ရွှေဝင်းတို့ အဖေတွေ၊ ဦးလေးတွေက လူမိုက်တွေ

မဟုတ်လား၊ ဒီလူတွေကတောင် အရေးတယူလုပ်ပြီး ဝိုင်းရိုက်ရတဲ့ လူဆိုတာ တော်တော့်လူတော့ ဟုတ်မယ် မထင်ဘူး”

ဟု ပြောလိုက်လေ၏။



မင်းသိခ် (ခ) အောင်ထွန်း ကျောင်းသားဘဝ

ငါဟာ ဘာမှအရေးပါ အရာရောက်တဲ့သူ မဟုတ်ပေမယ့် . . .
မကြိုက်တာကို မကြိုက်ဘူးလို့ ပြောဖို့ . . .
ငါ့မှာ အခွင့်အရေးတော့ရှိတယ် . . .

ထို့နောက် ကျွန်ုပ်သည် ထိုလက်ဖက်ရည်ဆိုင်နှင့် မျက်နှာချင်းဆိုင်တွင် ရှိသော ခေါက်မုန့်ဆိုင်သို့ဝင်ကာ ခေါက်မုန့်စားရင်း လက်ဖက်ရည်ဆိုင်သို့ ငေးမောကြည့်ရှုနေလေ၏။ ထိုသို့ ကြည့်ရှုနေစဉ်၌ ပင် ပိန်သွယ်သွယ်လူတစ်ယောက်သည် လက်ဖက်ရည်ဆိုင်သို့ ရောက်ရှိလာကြပြီး ဆိုင်ရှေ့မြေကွက်လပ်၌ ခင်းထားသော စားပွဲတစ်လုံး၌ ဝင်၍ ထိုင်ကြပြီးလျှင် လက်ဖက်ရည်တစ်ခွက်စီ မှာယူကြလေ၏။ လက်ဖက်ရည်ဆိုင်မှ စားပွဲထိုးကလေးက လက်ဖက်ရည်နှစ်ခွက် ချပေးသောအခါ၌ မူ လူများသည် ကျွန်ုပ်တို့ထိုင်နေသော ခေါက်မုန့်ဆိုင်ကို အကာအကွယ်ယူ၍ လည်းကောင်း၊ လက်ဖက်ရည်ဆိုင်နံဘေးကို အကာအကွယ်ယူ၍ လည်းကောင်း ရောက်ရှိလာကြလေ၏။ ထိုသူတို့လက်ထဲတွင် လှံများ၊ ဓားများနှင့် သံတုတ်များ ပါလေ၏။ ကျွန်ုပ်သည် ထိုသူတို့ကို ရေတွက်ကြည့်ရာ စုစုပေါင်း ရှစ်ယောက်ရှိ၏။ ထိုရှစ်ယောက်ထဲတွင် ကျွန်ုပ်နှင့် ကျောင်းနေဖက်ဖြစ်သူ ရွှေဝင်း၏ ဦးလေးနှင့် အဖေလည်းပါ၏။

လက်ဖက်ရည်ဆိုင်၌ ရောက်ရှိနေသော လူနှစ်ယောက်မှာ လက်ဖက်ရည်မသောက်ဘဲ အေးဆေးစွာ စကားပြောနေကြဆဲဖြစ်၏။ ထိုအချိန်၌ ကျွန်ုပ်တို့ရှိနေသော ခေါက်မုန့်ဆိုင်ကို အကာအကွယ်ယူ၍ လှံရှည်ကြီးကို ကိုင်ကာ ချောင်းနေသော ရွှေဝင်း၏ ဖခင်သည် လက်ဖက်ရည်ဆိုင်နဘေးမှ ငှက်ကြီးတောင်ဓားကို ကိုင်ထားသော ၎င်း၏ လူတစ်ဦးအား အချက်ပြလိုက်လေတော့၏။ ငှက်ကြီးတောင်ဓားသမားသည် ဓားကိုမြှောက်၏။ လက်ဖက်ရည်သောက်နေသူတစ်ဦးအနက် ပိန်သွယ်သွယ်လူမှာ ဓားသမားကိုမြင်လျှင်

"အောင်မလေး"

ဟု အော်ကာ ထ၍ ပြေးလေ၏။ ဂင်တိုတိုလူမှာမူ တုတ်တုတ်မျှမလှုပ်၊ မိမိထံသို့ ပြေးလာသော ဓားသမားကို မမိုတ်သောမျက်စိဖြင့် ကြည့်နေ၏။

ဓားသမားသည် အနီးသို့ ရောက်သောအခါ၌ မိမိ၏ မျက်နှာအား စေ့စေ့ကြည့်နေသော ဂင်တိုတိုလူကို ဓားဖြင့် ခုတ်ခြင်းငှာ မဝံ့တော့ဘဲ လက်ဖက်ရည်စားပွဲကို ခုတ်ချလိုက်လေတော့၏။

"ဒုန်း"

ဝုန်းခနဲ မြည်သံကြီးနှင့်အတူ လက်ဖက်ရည်ပန်းကန်များ ရေနွေးကြမ်းအိုးများ ကွဲရှဖိတ်စင် ကုန်၏။ လက်ဖက်ရည် အနည်းငယ်ပေစွန်းသွားခြင်းကြောင့် ဂင်တိုတိုလူသည် သူ၏ အကျႌကို စိတ်ရှည်လက်ရှည် ခါနေ၏။ ထို့နောက် လက်ဖက်ရည်ဖိုးငွေကို ပစ်ချပြီးလျှင် အူကြောင်ကြောင် ဖြစ်နေသော ဓားသမားအား ကြည့်မျှပင် မကြည့်ဘဲ ၎င်းတို့လာသည့် လမ်းအတိုင်းပြန်၍ ဣန္ဒြေရစွာ လျှောက်လှမ်းထွက်သွားလေတော့၏။ ထိုသူ ဝါးနှစ်ရိုက်ခန့်ရောက်သွားသောအခါ၌ ရွှေဝင်း၏ ဖခင်နှင့်ဦးလေးဖြစ်သူ လူမိုက်နှစ်ဦးက သူတို့လက်ပါးစေများအား အော်ဟစ်ဆဲဆိုလေတော့၏။ ဂင်တိုတိုလူမှာမူ ဣန္ဒြေရစွာ လျှောက်သွားနေလေ၏။ ထိုညက လသာသောကြောင့် ထိုသူကို ကောင်းစွာမြင်နေရ၏။ များမကြာမီ၌ ပင် ထိုသူသည် နိဂြောဓလမ်းနှင့် ဘယသုဒ္ဓိလမ်းဟုခေါ်သည့် လမ်းထိပ်တွင်ရှိသော ကုက္ကိုလ်ပင်ကြီး တစ်ပင်အောက်သို့ ရောက်သွားလေတော့၏။ ထိုအပင်ကြီးအောက်၌ မူ လရောင်သည် တိုး၍ မပေါက်နိုင်ပေ။ မှောင်မိုက်နေ၏။ လူမိုက်နှစ်ဦးနှင့် တပည့်ခြောက်ဦးတို့သည် တုတ်များ၊ ဓားများနှင့် ပြေး၍ လိုက်သွားကြလေ၏။ ၎င်းတို့ပါ မှောင်ရိပ်ထဲသို့ ရောက်သွားကြလေ၏။ ကျွန်ုပ်သည် မည်သည့်အရာကိုမျှ မမြင်ရတော့ပါ။ ဖုတ်ခနဲ၊ ခွပ်ခနဲ၊ အင့်ခနဲ၊ အုန်းခနဲ အသံများကိုသာ ကြားနေရ၏။ ထိုသူကား ငါးဖယ်တစ်ကောင်ကဲ့သို့ ကောင်းစွာ အတော်ခံနေရပြီဟု ကျွန်ုပ်ထင်မိ၏။ ထိုအချိန်မှာပင် ဂင်တိုတိုလူသည် မည်းမှောင်သော ကုက္ကိုပင်ရိပ်အောင်မှ လရောင်ရှိရာသို့ ထွက်၍ လျှောက်သွားလေတော့၏။ အရိပ်မည်းမည်းကြီးအောက်တွင်မူ

ရိုက်နှက်နေကြဆဲဖြစ်၏။ ကျွန်ုပ်စိတ်ထင်၍ လော မဆိုနိုင်ပေ။ ထိုဂင်တိုတိုလူ၏ လေချွန်သံကိုပင် ကြားလိုက်ရ၏။ ထိုသူကား ထိန်ထိန်သာသာ လရောင်အောက်တွင် လေကလေးချွန်၍ လာလမ်းအတိုင်းပြန်သွားနိုင်ပြီတကား။

တစ်အောင့်မျှကြာလျှင် အနီးအနားမှ လူများက မီးခွက်များ၊ ဖယောင်းတိုင်များ၊ လက်နှိပ်ဓာတ်မီးများဖြင့် ကုက္ကိုပင်မည်းမည်းရိပ်ကြီးအောက်မှ ဗာလာနံလူမိုက်တို့အား အလင်းရောင်ရှိရာ လက်ဖက်ရည်ဆိုင်ဆီသို့ ဆွဲထုတ်ချီမခဲ့ကြလေ၏။ ထိုသူအားလုံးသည် နေရာအသီးသီး၌ ဒဏ်ရာရ၏။ သို့ရာတွင် တူညီသောဒဏ်ရာမှာ ညာဘက်လက်ကောက်ဝတ်နှင့် ညာဘက်ပါး ညိုမည်းသော ဒဏ်ရာကြီးများ ရရှိထားခြင်းပင်ဖြစ်၏။ ကျွန်ုပ်သည် ထို ဗာလာနံများအား သွားရောက်ကူညီပြုစုပေး၏။ ရေလိုသူကို ရေခပ်ပေး။ တွဲထူဖို့လိုသူကို တွဲထူပေး၏။ ထိုသို့ ပြုလုပ်ပေးရင်း ထိုဗာလာနံတို့အား..

"ဘယ်ကလူလဲ ဦးလေး" ဟု မေးခဲ့ရာ..

သဘေးလမ်း အိမ်နံပါတ် (၁၂)က ပန်းထိမ်ဆရာ ကိုအောင်သိန်းဖြစ်ကြောင်း သိရလေတော့၏။

ထို့ကြောင့် နောက်တစ်နေ့ နံနက်တွင် ထိုပန်းထိမ်ဆရာ ကိုအောင်သိန်းထံသို့ ရောက်ရှိခဲ့လေတော့၏။ ထိုပန်းထိမ်ဆရာသည် ကျွန်ုပ်အား သေချာစွာကြည့်ပြီးလျှင်..

"ဘာကိစ္စလဲ ကလေး" ဟု မေးလေ၏။

"ဆရာရယ် ဆရာ့ဆီက ပညာသင်ချင်လို့ပါ" ဟု ပြောရာ ထိုပန်းထိမ်ဆရာက..

"ဘာပညာသင်မှာလဲ၊ ပန်းထိမ်အတတ်သင်မှာလား" ဟု မေးလေ၏။

"မဟုတ်ပါဘူး ဆရာရယ်၊ ကျွန်တော် ဆရာ့ဆီက သိုင်းပညာ

သင်ချင်လို့ပါ” ဟု ပြောလိုက်ရာ ထိုပန်းထိမ်ဆရာက..

“ငါ သိုင်းတတ်ကြောင်း မယ်ဘယ်လို သိသလဲ” ဟု မေးလိုက်လေ၏ ။

“ညက သိရပါတယ်ဆရာ၊ ကျွန်တော် ဒီပညာကို အလွန်ပဲတက်ချင်ပါတယ်”

ဟု ကျွန်ုပ်က ပြောလိုက်ရာ ထိုပန်းထိမ်ဆရာက ပြုံး၍ ခေါင်းညိတ်လိုက်လေတော့ သတည်း။

*****

ကျွန်ုပ်အား ထိုပန်းထိမ်ဆရာ ဦးအောင်သိန်းဆိုသူကလည်းကောင်း၊ ၄င်း၏ တပည့် လက်ထောက်ဆရာ ဦးကျော်ရင်ဆိုသူကလည်းကောင်း၊ သိုင်း၊ ဗန်တို၊ ဗန်ရှည်ပညာများကို ကောင်းစွာသင်ကြားပေးတော့၏ ။ ထိုသို့ သင်ကြား ပေးရာ၌ လည်း ကျွန်ုပ်တစ်ဦးတည်းကိုသာ သင်ပြပေးသည်မဟုတ်၊ ကျွန်ုပ်ကဲ့သို့ ထိုပညာကို တတ်လိုသောသူ ခုနှစ်ဦးကို စုံပေါင်း၍ သင်ပြပေးခြင်းဖြစ်၏ ။

ထိုပညာကို သင်ယူစဉ်မှာ ကျွန်ုပ်၏ သူငယ်ချင်းစိုးသိန်းမှာ

“အသားနာတဲ့ ပညာပါကွာ” ဟု ဆိုတာ အဖော်မျှပင် မလိုက်ခဲ့ပေ။

ကျွန်ုပ်သည် သဲသဲမဲမဲကြီး ထိုပညာကို သင်ယူခဲ့၏ ။

(ကျွန်ုပ်သည် သင်ပြပေးခဲ့သော ဆရာသခင် ကျေးဇူးရှင်ဖြစ်သည့် ဦးအောင်သိန်းမှာ တော်လှန်ရေး အစိုးရခေတ်သို့ရောက်သောအခါ၌ အသက် ၆၀ ကျော်၊ ၇၀ နီးပါးအရွယ်သို့ ရောက်နေပြီဖြစ်၏ ။ ထိုဆရာကြီးအား မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်၏ နာယကကြီးအဖြစ် ခန့်အပ်လိုက်သည်ဟု သိရလေ၏ ။ ယခု ကွယ်လွန်ရှာလေပြီ။ လက်ထောက်ဆရာဖြစ်သော ဆရာကိုကျော်ရင်မှာလည်း နောင်တွင် သိုင်းဆရာအဖြစ်မှ ဘဝပြောင်းကာ နိယာမဆရာကြီး (သို့) ဆန်းဗေဒင်ဆရာကြီး ရန်ကုန်ကျော်ရင်ဟူ၍ ဖြစ်သွားလေတော့၏ ။)

ကျွန်ုပ်သည် ထိုပညာကို နှစ်နှစ်ကျော်ခန့် အပြင်းအထန်ဆည်းပူး လေ့ကျင့်ခဲ့၏။ အချိန်ရတိုင်း ကျွန်ုပ်တို့၏ အိမ်အနီးတွင်ရှိသော အမှိုက်ပုံကြီးတွင် သွားရောက်လေ့ကျင့်ခဲ့၏။ အမှိုက်ပုံဆိုရာ၌ လည်း ရိုးရိုးအမှိုက်ပုံမဟုတ်၊ ရန်ကုန်တစ်မြို့လုံးရှိ အမှိုက်များကို မော်တော်ကားများဖြင့် သယ်ယူကာ လာရောက်၍ ပုံရသော အမှိုက်ပုံကြီးဖြစ်၏။ ထိုအမှိုက်ပုံကြီးမှာ တောင်ကုန်းများဖြစ်နေ၏။ သစ်ပင်စိုက်ခင်းများရှိနေ၏။ အမှိုက်များသယ်ရသော ရထားကလေးများ ဟိုမှ သည်မှ ခုတ်မောင်းနေ၏။ ထိုအမှိုက်ပုံကြီးနေရာမှာ ယခု "မင်္ဂလာဈေး" ဆောက်ထားသောနေရာနှင့် တစ်ဆက်တည်းရှိ၏။ ထိုစဉ်က အမှိုက်ပုံထဲတွင် အမှိုက်သယ်သော ရထားကလေးများမှာ နောင်တွင် တိရိစ္ဆာန်ရုံသို့ ရောက်သွား၏။ ထိုရထားကလေး၏ သက်တမ်းမှာ နှစ်ပေါင်းခြောက်ဆယ်ထက် နည်းမည် မဟုတ်ပေ။

ကျွန်ုပ်သည် ကျယ်ဝန်းသော ချုံ့ဝှမ်းကြီးများအတွင်း၌ ကောင်းစွာ "သိုင်းကစား" နိုင်ခဲ့လေ၏။ ထိုအမှိုက်ပုံကြီးသည် ကျွန်ုပ်အတွက် လေ့ကျင့်ခန်းပြုလုပ်ရန် လုပ်ပေးထားသကဲ့သို့ပင် ရှိလေတော့၏။ ကျွန်ုပ်သည် တောင်ကုန်းများပေါ်သို့ ပြေးတက်၏။ ချုံ့ဝှမ်းများ၌ ခုန်ပေါက်၏။ မောလျှင် သစ်ပင်ရိပ်အောက်၌ ထိုင်၏။ နေရောင်ထဲတွင် အနေများသောကြောင့် ကျွန်ုပ်၏ အသားရောင်သည် ကြေးနီရောင်ကဲ့သို့ ဖြစ်လာ၏။

ဤသို့နှင့်ပင် ကျွန်ုပ်လူလားမြောက်ခဲ့ရလေ၏။ ကျွန်ုပ်၏ သူငယ်ချင်း စိုးသိန်းမှာမူ ကျွန်ုပ်နှင့် တွဲလျက်ပင်ရှိ၏။ ကျွန်ုပ်သည် ကျောင်းစာကို စိတ်ဝင်စားနေရာမှ အပြင်စာများကို စိတ်ဝင်စားလာ၏။ ထို့ကြောင့် အပြင်စာများကို စတင်ဖတ်ရှုလာပြီဖြစ်၏။ ကျွန်ုပ်၏ ဖခင်မှာမူ ကိုယ်လုံးကိုယ်ထည် ကြီးမားသန်စွမ်း၍ ဖျက်လတ်သွက်လက်လာသော သားကိုကြည့်ကာ လွန်စွာဂုဏ်ယူနေ၏။ ထို့ပြင် အားကိုးရလိမ့်မည်ဟုလည်း မျှော်လင့်နေပုံရ၏။

ကျွန်ုပ်၏ ဖခင်သည် သားဖြစ်သူ ပညာတတ်ကြီးဖြစ်လာလိမ့်မည်။ ထို့ကြောင့် အစိုးရဌာနတစ်ခုခုတွင် အရာရှိတစ်ဦး ဖြစ်လာလိမ့်မည်ဟု မျှော်လင့်လျက်ရှိလေ၏ ။

ကျွန်ုပ်သည် အစစအရာရာ၌ တက်ကြွလျက်ရှိပေ၏ ။ ကျွန်ုပ်နှင့်ရွယ်တူ ယောကျ်ားလေးများသည် မိန်းကလေးများကို အငမ်းမရ ကြည့်တတ်နေပြီဖြစ်သော်လည်း ကျွန်ုပ်မှာ မိန်းကလေးများကို အငမ်းမရ ကြည့်တတ်ခြင်းသည် ယောကျ်ားတစ်ယောက်၏ ဂုဏ်သိက္ခာကို ညှိုးနွမ်းစေသည်ဟု ထင်မှတ်ကာ မကြည့်ဘဲနေခဲ့၏ ။

(ထိုအချိန်က ကျွန်ုပ်၏ စိတ်၌ အများသူငါကဲ့သို့ ကြည့်ချင်စိတ် အမှန်တကယ် ရှိမရှိကိုမူ ကျွန်ုပ်မမှတ်မိတော့ပါ။)

တစ်နေ့တွင် ကျွန်ုပ်နှင့် အိမ်နီးချင်းလည်းဖြစ်၊ ကျွန်ုပ်နှင့် ကစားဖော်လည်းဖြစ်ခဲ့ဖူးသည့် စာတိုက်မှူးကြီး၏ သမီးက..

"ဟဲ့..နင်ကလည်း သွေးကြီးလိုက်တာ၊ ဟိုတစ်နေ့က အလှူအိမ်မှာတွေ့တာတောင် မမြင်ချင်ယောင်ဆောင်ပြီး ဟိုဘက်လှည့်သွားတယ်" ဟု အပြစ်တင်လေ၏ ။

ထိုအခါ ကျွန်ုပ်က...

"အေး..နင့်နားမှာ သူစိမ်းမိန်းကလေးနှစ်ယောက် ရှိတာနဲ့ ဟိုဘက်ကို လှည့်နေလိုက်တာ" ဟု ပြောလိုက်ရာ ကျွန်ုပ်၏ "သူငယ်ချင်းမ"က ခွက်ထိုးခွက်လန် ရယ်လေ၏ ။ အားရအောင် ရယ်ပြီးနောက်

"အေး..အေး ငါ့ကို စိတ်မဆိုးဘူးဆိုရင် ပြီးတာပါပဲ" ဟု ခပ်ပေါ့ပေါ့ ပြန်၍ ပြောလိုက်လေတော့၏ ။

ကျွန်ုပ်၏ သူငယ်ချင်း စိုးသိန်းသည် ကျွန်ုပ်လမ်းလျှောက်သည်ကို

၎င်း၏ မျက်စိ၌ ကြည့်၍ ကောင်းနေ၏။ ကျွန်ုပ်စကားပြောသည်ကို ၎င်း၏ နား၌ နားထောင်၍ ကောင်းနေ၏။ ကျွန်ုပ်၏ မျက်လုံး၊ ကျွန်ုပ်၏ မျက်ခုံး၊ ကျွန်ုပ်၏ နဖူး စသည်တို့ကို မကြာခဏချီးမွမ်းနေ၏။

ကျွန်ုပ် ယောကျ်ားပီသပုံကို စာရေးဆရာကြီး မဟာဆွေ၏ ဇာတ်လိုက်များနှင့် တင်စား ပြောဆိုနေ၏။ ကျွန်ုပ်စာတော်သည်ကို အားရကျေနပ်နေ၏။ တစ်ကြိမ်တစ်ခါမျှပင် မနာလိုစိတ်ဟူ၍ ၎င်း၌ မပေါ်ခဲ့ပေ။

ကျွန်ုပ်၏ ခိုင်မာသော စိတ်ဓာတ်၊ ကျွန်ုပ်၏ မြင့်မြတ်သော စိတ်ထားများ၊ အထူးသဖြင့် ကျွန်ုပ်၏ စွန့်စားဝံ့သော သတ္တိတို့အတွက် အထူးအားကိုးလျက်ရှိလေ၏။ ထို့ပြင် စိုးသိန်း၏ စိတ်၌ ကျွန်ုပ်သည် ကုန်သည်တစ်ဦး ဖြစ်လာလိမ့်မည်ဟူ၍ လည်းကောင်း၊ အစိုးရအရာရှိ သို့မဟုတ် စာရေးစာချီ သို့မဟုတ် အတတ်ပညာရှင်တစ်ဦး ဖြစ်လာလိမ့်မည်ဟုလည်းကောင်း သူ၏ စိတ်၌ မထင်မှတ်ခဲ့ပေ။ သူသည် ကျွန်ုပ် အရိပ်ပမာ ကျွန်ုပ်၏ နောက်သို့ တကောက်ကောက် လိုက်ပါ၍ နေလေတော့၏။

ထို့ကြောင့်လည်း အထက်ကဆိုခဲ့သည့်အတိုင်း ပန်းချီဆရာတစ်ဦး၏ သားဖြစ်သော ကျွန်ုပ်သည် စာသင်ခန်းများ၌ လည်းကောင်း၊ ရပ်ကွက်အလေးမ အသင်းများအကြား၌ လည်းကောင်း၊ ကျယ်ဝန်းသော အမှိုက်ပုံကြီး၌ လည်းကောင်း၊ လမ်းများပေါ်၌ လည်းကောင်း၊ သူငယ်ချင်းဖြစ်သူ စိုးသိန်းနှင့်အတူ ကြီးပြင်းလာခဲ့ရလေ၏ ဟူ၍ ဆိုခဲ့ရခြင်း ဖြစ်ပေတော့သတည်း။

*

# ကျွန်ုပ်နှင့် အီကြာကွေးစားနည်း

ဤသို့နှင့်ပင် ကျွန်ုပ်သည် ဆယ်တန်းကျောင်းသားဘဝသို့ ရောက်ရှိသွားလေတော့၏။ ထိုအချိန်၌ ကျွန်ုပ်အတွက် အရိပ်ပမာ ကျွန်ုပ်သွားရာသို့ တကောက်ကောက် လိုက်၍ နေမည့် သူငယ်ချင်းတစ်ဦး တိုးလာပြန်လေ၏။ ထိုသူကား ကျွန်ုပ်နှင့် လမ်းတစ်လမ်းတည်းသား အုန်းမြင့် ဆိုသည့် သူငယ်ချင်းပင်ဖြစ်၏။

ကျွန်ုပ်တို့ သူငယ်ချင်းသုံးဦးသည် အတန်းကျောင်းသားဘဝများမှ အလွတ်ပညာသင်ကျောင်းသို့ ပြောင်းရွှေ့ခဲ့ကြလေ၏။ ထိုသို့ပြောင်းရွှေ့ရာတွင် ၄င်းတို့၌ ပြောင်းလိုစိတ်မရှိ။ ကျွန်ုပ်က ပြောင်းမည်ဆိုသောကြောင့်သာ ၄င်းတို့က လိုက်၍ ပြောင်းခြင်း ဖြစ်၏။ ကျွန်ုပ်တို့ပြောင်းရွှေ့ခဲ့သော အလွတ်ပညာသင်ကျောင်းကြီးမှာ လွန်စွာ ကျောင်းသားများသောကြောင့် သုံးချိန်ခွဲ၍ သင်ရလေ၏။ နယ်မှကျောင်းသားများကိုလည်း ကျောင်းအိပ်၊ ကျောင်းစားအဖြစ် လက်ခံ၏။

ထိုကျောင်း၌ ကျွန်ုပ်တို့ကဲ့သို့ ကျောင်းချည်းသက်သက်တက်သော ကျောင်းသားများရှိသကဲ့သို့ အလုပ်တစ်ဖက်နှင့် ကျောင်းတက်သော ကျောင်းသားများလည်း ရှိ၏။ ဦးပဉ္စင်းတစ်ချို့နှင့် မယ်သီလရှင်တချို့ပင် ထိုကျောင်း၌ တက်လေ၏။ ဆရာအဖြစ် စာပြသော သူများထဲတွင်လည်း ဦးပဉ္စင်းတစ်ပါးပါ၏။ ထိုပဉ္စင်းမှာ မြန်မာစာနှင့် ပါဠိကို သင်၏။ ဦးပဉ္စင်း၏ ဘွဲ့အမည်မှာ ဦးပညာဟူ၍ ဖြစ်၏။ ဦးပဉ္စင်းလည်း ကျောင်းသားများကို စာပြရင်း ၄င်းကိုတိုင် ဆယ်တန်းဝင်၍ ဖြေရာ အောင်၍ သွားသောကြောင့် လူထွက်လိုက်လေ၏။ လူထွက်သောအခါ၌ ဦးဘုန်းမြင့်ဟူ၍ ခေါ်ရလေ၏။

ကျွန်ုပ်သည် ကျောင်းတက်နေစဉ်အတွင်း စိတ်ကစားလျက်ရှိနေလေ၏။ ကျွန်ုပ်၏ မိခင်သည် ကျွန်ုပ်အား ပညာမတတ်လျှင် ခွေးဖြစ်မည်ဟု မကြာခဏပြောလေ၏။ ထိုစကားကို ကျွန်ုပ်မကျေနပ်ပေ။ အဘယ်ကြောင့်ဆိုသော် ပညာမတတ်သဖြင့် ခွေးဖြစ်သွားသူဟူ၍ တစ်ယောက်တစ်လေမျှ မတွေ့ဖူးသောကြောင့်ပင် ဖြစ်၏။ ကျွန်ုပ်၏ အိမ်နားတွင် စာလုံးဝ မတတ်သော မိန်းမကြီးတစ်ယောက်ရှိ၏။

ထို့အတူ ဘီအေအောင်ပြီး ရုံးအုပ်ကြီးဖြစ်နေသော လူတစ်ယောက်ရှိ၏။ ထိုလူကြီးသည် ရုံးမှရော လခမလောက်သဖြင့် ထိုစာမတတ်သော မိန်းမကြီးထံ၌ မကြာခဏ ငွေချေးရလေ၏။ ထိုရုံးအုပ်ကြီးသည် ကြွေးမဆပ်နိုင်သောကြောင့် မကြာခဏဆိုသလိုပင် ထိုမိန်းမကြီး၏ ဆူပူကြိမ်းမောင်းခြင်းကို ခံရရှာလေ၏။ ဤအဖြစ်ကိုကြည့်ကာ စာတတ်ခြင်း၊ မတတ်ခြင်းနှင့် လောကတွင် အောင်မြင်စွာ ရပ်တည်နိုင်ခြင်း ရှိမရှိမှာ တစ်စုံတစ်ရာ သက်ဆိုင်သည်မဟုတ်ကြောင်း ကျွန်ုပ်အနေနှင့် ရိပ်မိစပြုနေပြီဖြစ်လေ၏။

ကျွန်ုပ်၏ သူငယ်ချင်းနှစ်ဦးမှာ ဆယ်တန်းအောင်လျှင် ကောလိပ်သို့ သွားမည်၊ မည်သည့် ပညာမျိုးကို လိုက်စားမည်၊ မည်သည့်ဌာနကြီးတွင် မည်သည့်ရာထူးမျိုးရမည်ဟု စိတ်ကူးယဉ် အိပ်မက် မက်နေကြလေ၏။

ကျွန်ုပ်သည် ထိုသို့ စိတ်ကယောက်ကယက် ဖြစ်နေစဉ်အချိန်၌ ပင် ဆရာကြီးပီမိုးနင်း၏ "အရင်းမစိုက် လှေထိုးလိုက်"၊ "ကိုယ့်ဒူးကိုယ်ချွန်"၊ "သားဂုဏ်ရည်"၊ "လူဖြစ်နည်းနှင့် တက်လမ်း"၊ "ကမ္ဘာ့အလင်း"၊ "လောကမျက်မှန်"၊ "ဣန္ဒြသယ စိတ်ပညာ"၊ "အောင်စိတ်" စသော တက်ကျမ်းများကို ဖတ်၍ ကျောင်းကို ဆက်၍ မတက်တော့ဘဲ အပြင်လောက၌ လွတ်လွတ်လပ်လပ်ကြီး ကူးခပ်လှုပ်ရှားလိုစိတ်များ တဖွားဖွားပေါ်လျက်ရှိလေတော့၏။

ထို့ပြင် ဆရာကြီး ရွှေဥဒေါင်းရေးသည့် "အကြံဉာဏ်နှင့် ကြီးပွားရေး

”ဆိုသည့် စာအုပ်အဟောင်းကလေးတစ်အုပ်မှာလည်း ကျွန်ုပ်အား လွန်စွာ အားပေးအားမြှောက် ပြုလျက်ရှိလေတော့၏။ ထိုစာအုပ်များသည် ကျွန်ုပ်၏ ကျေးဇူးရှင်များပင်ဖြစ်၏။ ကျွန်ုပ်သည် နောင်အခါ၌ လူဆိုးလူမိုက် တစ်ဦးဖြစ်ရန် အခွင့်အလမ်းမြောက်မြားစွာကြုံပါလျက် လူဆိုးလူမိုက်တစ်ဦးဖြစ်မသွားခြင်းမှာ ထိုစာအုပ်များ၏ ကြီးမားသော သြဇာကြောင့်ပင် ဖြစ်ကြောင်း ဝန်ခံရလိမ့်မည်။

ဤသို့ဖြစ်နေစဉ်၌ ပင် ကျွန်ုပ်၌ အပြင်မိတ်ဆွေတစ်ဦး ရရှိခဲ့လေ၏။ ထိုမိတ်ဆွေမှာ တာမွေအဝိုင်းကြီးဘက်တွင် နံနက်အခါ၌ ထမင်းကြော်ရောင်းသော တရုတ်ကြီးတစ်ဦးဖြစ်လေ၏။ သူ၏ ထမင်းကြော်ဆိုင်တွင် ပဲငံပြာရည်နှင့် ပေါင်းထားသော ဝက်သားပေါင်းရ၏။ ကျောင်းတက်ခါနီး တွင် ထိုတရုတ်ကြီးဆိုင်၌ ကျွန်ုပ်သည် ထမင်းကြော်ဝင်၍ စားလေ့ရှိ၏။ ထိုတရုတ်ကြီးက ကျွန်ုပ်အား ..

“ကောင်ကလေး နင် ငါ့ဆိုင်မှာ ထမင်းကြော် နေ့တိုင်းစားတယ်နော်” ဟု ပြောလေ၏။ ထိုအခါ ကျွန်ုပ်က..

“ဟုတ်တယ် ပေါက်ဖော်ကြီး၊ ခင်ဗျားရဲ့ ဝက်သားပေါင်းက သိပ်ပြီး ကောင်းတာကိုး၊ ပြီးတော့ ရေနွေးကြမ်းလည်း သောက်ရတယ်ဗျာ” ဟု ပြန်၍ ပြောရာ တရုတ်ကြီးက..

“ဒီလိုကွယ်၊ ငါက အလုပ်မအားလို့ အလုပ်များအားရင် မင်းတို့လို ကျောင်းသားအရွယ်ကလေးတွေ ထမင်းကြော်လာစားရင် ပုံကလေးတစ်ပုံ တစ်ပုံပြောပြရမှာကွယ့်၊ ဟိုးတုန်းက စာသင်ကျောင်းနားမှာ မြေပဲယိုရောင်းတယ်၊ အဲဒီ တုန်းကတော့ ကလေးတွေကို ပုံပြောပြဖြစ်တယ်၊ အခုတော့ ငါ့မှာက အလုပ်များပြီကွယ်၊ အဲဒါကြောင့် မပြောပြဖြစ်တာ” ဟု ပြောလေ၏။ ထိုအခါ ကျွန်ုပ်က..

“အခု ခင်ဗျားဆိုင်မှာ လူရှင်းနေပြီပဲ၊ ခင်ဗျားနဲ့ ကျုပ်နဲ့နှစ်ယောက်တည်းရှိတာ ပြောပြစမ်းပါဦး” ဟု ကျွန်ုပ်က ပြောလိုက်ရာ

ထိုတရုတ်ကြီးက..

“ကောင်လေး..မင်းပေးတဲ့ ပိုက်ဆံတစ်မတ်အတွက် ငါက ထမင်းကြော် တစ်ပန်းကန်ရယ်၊ ဝက်သားပေါင်း တစ်တုံးရယ်၊ ရေနွေးကြမ်းရယ် ပေးပြီးပြီ၊ အခု ငါ ပုံပြောပြမှာကတော့ မင်းကို အဆစ်ပေးတဲ့သဘောပဲ ” ဟု ဆိုကာ အောက်ပါ ပုံပြင်ကလေးတစ်ခုကို ပြောပြလေတော့၏။

“ဟိုးရှေးရှေးတုန်းက “စံတင်ပို” ဆိုတဲ့ လူတစ်ယောက်ဟာ ညကြီးမိုးချုပ်မှာ တရုတ်ပြည်က “ဝမ်” မြို့ဘက်ကို ခရီးထွက်ခဲ့တယ်ဆိုပဲ၊ မှောင်လိုက်တာဆိုတာလည်း မပြောပါနဲ့တော့၊ ဒါပေမယ့် ဒီလူဟာ မှောင်ထဲမှာပဲ စမ်းတဝါးဝါးနဲ့ ခရီးဆက်ပြီး ထွက်လာခဲ့တယ်။ အဲဒီ လို ခရီးထွက်လာခဲ့တာ အတော်ကလေး ခရီးရောက်တဲ့အခါ တစ်စုံတစ်ယောက်နဲ့လမ်းမှာ ဆုံမိတယ်ဆိုပဲ၊ အဲဒီ တစ်စုံတစ်ယောက်ဆိုတာက လူမဟုတ်ဘူး၊ “ဝမ်” မြို့ကိုသွားမယ့် သရဲတစ်ကောင်ဖြစ်နေတယ်၊ သရဲက စောစောကလူကိုလည်း မြင်ရော..

“ခင်ဗျား ဘယ်သူလဲ” လို့ လှမ်းပြီး မေးလိုက်တယ်။ အဲဒီ အခါမှာ စံတင်ပိုက..

“ကျွန်တော် သရဲပါ” လို့ ပြန်ပြီး ဖြေလိုက်တယ်။ အဲဒီ လိုလည်း သူက သရဲပါလို့ ဖြေလိုက်ရော သရဲဟာ သိပ်ပြီး ဝမ်းသာသွားတယ်။

“အတော်ပဲ အတော်ပဲ၊ ကျုပ်ကလည်း သရဲ၊ အခုလို သရဲအချင်းချင်း သတင်းလွှေ့လွှေ့၊ ပေါင်းဖက်တွေ့ရတာ ဝမ်းမြောက်စရာပဲ၊ ဒါပေမဲ့ ကျုပ်တို့သွားရမယ့် ဝမ်မြို့ဆိုတာက ဒီကနေ လီ ပေါင်းများစွာ ဝေးတယ်ဆိုတာတော့ မိတ်ဆွေသိပါတယ်နော်” လို့ ပြောလိုက်တယ်။

အဲဒီ အခါမှာ စံတင်ပိုက

“သိပါတယ်ဗျာ၊ သိပါတယ်၊ အဲဒီ တော့ တစ်ယောက်တစ်လှည့်စီ ကုန်းပိုးပြီး သွားရင် မကောင်းဘူးလား”

လို့ အကြံပေးလိုက်တယ်။ အဲဒီ တော့ သရဲကလည်း သဘောတူလိုက်တယ်၊ ပထမ ခရီးတစ်ဝက်မှာ စံတင်ပိုက သရဲကို ကုန်းပိုးရတယ်။ အဲဒီ လို ကုန်းပိုးတဲ့အခါမှာ သရဲရဲ့ခန္ဓာကိုယ်က ပေ့ါပေ့ါကလေးဆိုပဲ၊ ခရီးတစ်ဝက်လည်းပြည့်ရော စံတင်ပိုက သရဲကိုတစ်လှည့် ပိုးခိုင်းတယ်၊ အဲဒီ အခါမှာ စံတင်ပိုရဲ့ ခန္ဓာကိုယ်ကြီးကို သရဲက မနိုင်မနင်းနဲ့ ကုန်းပိုးရရှာတယ်၊ အဲဒီ တော့ သရဲက

"မိတ်ဆွေ ခင်ဗျား သရဲဖြစ်ပြီး ခန္ဓာကိုယ်က လေးလှချည်လား ..သရဲဆိုတာ လေလို၊ မီးခိုးလိုပဲ အလွန်ပေ့ါတာဗျ၊ ဘယ်လိုဖြစ်တာလဲ"

မေးတော့တာပဲ အဲဒီ တော့ စံတင်ပိုက…

"ဒီလို မိတ်ဆွေရဲ့၊ ကျုပ်က သရဲဆိုပေမယ့် သရဲအသစ်ကျပ်ချွတ်ဗျ၊ ကိုယ်တွေ မဖော့တတ်သေးဘူး" လို့ ပြောလိုက်တယ်။

အဲဒီ တော့ စံတင်ပို ပြောတာကို တကယ့်သရဲက ယုံသွားရောပေ့ါကွာ။ အဲဒီ လိုနဲ့ပဲ တကယ့် သရဲအစစ်က သရဲအတု စံတင်ပိုကို ကုန်းပိုးပြီး ဝမ်မြို့အထိ သယ်သွားရတယ်ဟေ့၊ မြို့အဝင် တံခါးနားလည်းရောက်ရော သရဲအစစ်က စံတင်ပိုကို

"ဟေ့ သရဲ အသစ်ချပ်ကျွတ်၊ မြို့ထဲကို ဝင်တဲ့အခါမှာ ဒီအတိုင်းဝင်လို့ မရဘူးကွ၊ ဆိတ်ယောင်ဆောင်ပြီးဝင်ရတယ်၊ တစ်ခုတော့ သတိထားရမယ်ဟေ့၊ ဆိတ်ယောင်ဆောင်ပြီးတဲ့ အခါမှာ လူတွေက ကိုယ့်ပေါ်ကို တံတွေးမထွေးမိဖို့ အရေးကြီးတယ်"

လို့ ပြောလိုက်တယ်။

အဲဒီ အခါမှာ စံတင်ပိုက ..

"တံတွေး ထွေးမိတော့ ဘာဖြစ်သလဲ မိတ်ဆွေရဲ့" လို့

ပြန်ပြီးမေးလိုက်တယ်။ အဲဒီ တော့ သရဲက..

“အဲဒီ အချိန်မှာ တံတွေးထွေးမိရင် သရဲပြန်မဖြစ်တော့ဘူး၊ တကယ့်ဆိတ်ဖြစ်သွားတယ်”

လို့ ပြန်ပြီး ပြောတယ်၊ အဲဒီ တော့ စံတင်ပိုက မြို့အဝင်တံခါးနားလည်း ရောက်ရော သရဲအစစ်ကို..

“ဆိတ်ယောင်ဆောင်ကြရအောင်ဟေ့”

လို့လည်း ပြောလိုက်ရော သရဲအစစ်က၊ ဝမ်း၊ တူး၊သရီးဆိုပြီး ဆိတ်ယောင်ဆောင်လိုက်တယ်၊ အဲဒီ အခါ စံတင်ပိုက ဆိတ်ယောင်ဆောင်ထားတဲ့ သရဲအစစ်ပေါ်ကို “ထွီ” ခနဲ တံတွေး ထွေးချလိုက်တယ်။ အဲ့ဒီလိုလည်း ထွေးချလိုက်ရော သရဲအစစ်ဟာ သရဲပြန်မဖြစ်တော့ဘူး။ အဲဒီ တော့ စံတင်ပိုက ဆိတ်ကြီးကိုဆွဲပြီး ဈေးမှာ သွားရောင်းပစ်လိုက်တယ်။ အဲဒီနေ့ကစပြီး စံတင်ပိုဟာ ဝမ်မြို့ကိုလာတဲ့လမ်းမှာ သရဲတွေကို ရှာရှာပြီး မိတ်ဆွေဖွဲ့တယ်။ ပြီးတော့ ဆိတ်ယောင်ဆောင်ခိုင်းပြီး တံတွေးနဲ့ချည်း ထွေးတော့တာပဲ။

ပြီးတော့ ဆိတ်တွေကို ရောင်းပစ်တယ်။ အဲဒီ လိုနဲ့ပ တရုတ်ပြည် ဝမ်မြို့မှာ စံတင်ပိုဆိုတဲ့ ကောင်ဟာ သူဆင်းရဲဘဝကနေ ဧရာမ ဆိတ်ကုန်သည်ကြီးဖြစ်သွားတယ်ကွ။

ကျွန်ုပ်သည် ထမင်းကြော်သည် တရုတ်ကြီးပြောသော ပုံပြင်ကို နားထောင်ပြီးနောက် ခွက်ထိုးခွက်လန် ရယ်မိလေတော့၏ ။ သရဲကြောက်ချင်သလို ဖြစ်သော စိတ်များသည်လည်း လွင့်စဉ်ထွက်ပြေးသွားလေတော့၏ ။ သရဲဆိုသည်မှာ ဖမ်း၍ ရောင်းစားရသော သတ္တဝါတစ်မျိုးဟုပင် မသိစိတ်၌ ကိန်းဝပ်သွားလေတော့၏ ။

ထိုနေ့မှစ၍ ကျွန်ုပ်သည် တရုတ်ကြီး၏ ထမင်းကြော်ဆိုင်ကို မရောက်သောနေ့ဟူ၍ ပင် မရှိတော့ပေ။ ကျောင်းပိတ်သော နေ့များတွင်ပင်

တကူးတက သွားရောက်ခဲ့ပေတော့၏။ အခြားသော တမင်းကြော်စားသူများကဲ့သို့ စားပြီးလျှင် ထ၍ ပြန်လာခြင်းမရှိတော့ဘဲ ထိုတရုတ်ကြီး အလုပ်များလျှင် ကျွန်ုပ်သည် ဝင်ရောက်ကူညီပြီး ထမင်းကြော်ပန်းကန်များကို ဝိုင်း၍ ချပေးလေ၏။ ရေနွေးအိုးများ ဖြည့်ပေးရ၏။ ပိုက်ဆံသိမ်းရ၏။ ထိုတရုတ်ကြီး နှင့် ကျွန်ုပ် သောက်ရန် လက်ဖက်ရည်ဆိုင်သို့ပြေး၍ လက်ဖက်ရည်ဝယ်ပေးပါ၏။

ဤသို့နှင့်ပင် ကျွန်ုပ်သည် ဆယ်တန်းကျောင်းသားဘဝမှ လမ်းဘေးထမင်းကြော်ရောင်းသော တရုတ်ကြီး၏ ကျောင်းသားဘဝသို့ ရောက်ရှိသွားလေတော့၏။ နောင်တွင် တရုတ်ကြီးက ကျွန်ုပ်အား ပုံပြင်များ၊ ဗမက ထူးဆန်းသော အကြောင်းအရာများကိုပါ ပြောပြလေ၏။

တစ်ခါတွင် ကျွန်ုပ်သည် ၄င်းတရုတ်ကြီး၏ နံဘေးရှိ ခွေးခြေပေါ်တွင် ထိုင်ရင်း ဒူးကို "နှန့်" ၍ နေလေ၏။ တရုတ်ကြီးသည် တမင်းကြော်ခြင်း ကြက်သွန်လှီးခြင်းများ ပြုပြီးသောအခါ၌ ကျွန်ုပ်အား..

"လူတစ်ယောက်ဟာ သစ်တော်သီးပင်တစ်ပင်ကို စိုက်တယ်ကွ၊ အသီးတွေစပြီးသီးတဲ့ အချိန်လည်းရောက်ရော ဝါးလုံးရှည်ကြီးနဲ့ အဲဒီ သစ်တော်သီးတွေကို တဖုန်းဖုန်းရိုက်ချတော့တာပဲ၊ အဲဒီ အခါမှာ သစ်တော်သီးတွေဟာ အကုန်လုံး ကြွေကျကုန်တော့တာပဲ ၊အဲဒီ လူဟာ သူ့အပင်က သစ်တော်သီးဆိုလို့ တစ်လုံးတစ်လေလမှကို မစားရဘူးကွ"

ဟု တရုတ်ကြီးက ပြောလိုက်လေ၏။ ထိုအခါ ကျွန်ုပ်က..

"ခင်ဗျားပြောတဲ့လူက အရူးပေါ့ဗျာ၊ အလကားဖြုန်းတီးပစ်တာပဲ" ဟု ပြောလိုက်ရာ တရုတ်ကြီးက..

"မင်းက အဲဒီ လူထက်တောင် ရူးသေးတယ်၊ အဲဒီ လူကြီးက သစ်တော်သီးပဲ ဖြုန်းတီးတာ၊ မင်းကတော့ လူရဲ့ အစွမ်းသတ္တိတွေကို ဖြုန်းတီးပစ်နေတယ်" ဟု ပြောလေ၏။

"ကျုပ် ဘယ်မှာ ဖြုန်းတီးပစ်လို့လဲ" ဟု ကျွန်ုပ်က ပြန်၍ မေးလိုက်ရာ တရုတ်ကြီးက..

"ခုံပေါ်မှာထိုင်ပြီး ဒူးနှန့်နေတာဟာ မင်းခန္ဓာကိုယ်ထဲမှာရှိတဲ့ အစွမ်းသတ္တိတွေကို ဖြုန်းတီးပစ်နေတာပဲ၊ ဒူးနှန့်တာတို့၊ ကိုယ်ကိုရှေ့တိုးနောက်ဆုတ် အကြောင်းမဲ့လုပ်တာတို့၊ လက်ချိုးနေတာတို့ဟာ သစ်တော်သီးပင်ကို ဝါးလုံးရှည်ကြီးနဲ့ရိုက်နေတဲ့ လူကြီးအတိုင်းပဲ၊ အဲဒါမျိုးတွေ မလုပ်ရဘူးကွ" ဟု ပြောလေ၏။

ထိုအချိန်မှစ၍ ကျွန်ုပ်သည် အကြောင်းမဲ့ဒူးနှန့်ခြင်းအလုပ်ကို ကြိုးစား၍ ဖျောက်ပစ်ရလေတော့၏။

တစ်ခါတွင်လည်း ရာဇဝတ်အုပ်တစ်ယောက်သည် တရုတ်ကြီး၏ ဆိုင်အနီးရှိ မုန့်ဟင်းခါးဆိုင်တွင် မုန့်ဟင်းခါးစားပြီးနောက် တစ်ကျပ်တန် အစုတ်တစ်ရွက်ကို ထုတ်၍ ပေးရာ ဆိုင်ရှင်ကမယူသောကြောင့် စကားများ၏။ ထိုသို့ စကားများပြီးပြန်သွားကာ ယူနီဖောင်းအပြည့်အစုံဝတ်၍ ပုလိပ်သားနှစ်ဦးနှင့်အတူ ထိုဆိုင်သို့ တစ်ခေါက်ပြန်လာကာ မုန့်ဟင်းခါးရောင်းသော အညာသားကြီးအား ဂါတ်သို့လိုက်ရန် ပြောလေတော့၏။ ထိုအခါ မုန့်ဟင်းခါးသည်ကြီးက စောစောက မသိ၍ ပြောမိကြောင်းကို အနူးအညွတ်တောင်းပန်၏။ ထိုသို့ တောင်းပန်သော စကားထဲတွင်လည်း "ဆရာ" ဟူသော စကားလုံးများသည် အလုံးတစ်ရာထက် မနည်း ပါရှာ၏။ ထိုအဖြစ်အပျက်ကိုကြည့်ကာ တရုတ်ကြီးက ကျွန်ုပ်အား...

"ဟေ့ကောင် အောင်ထွန်း၊ ကောင်းကင်နဲ့ မြေကြီးတော့ မသင့်မမြတ် ဖြစ်နေကြပြီကွ၊ မကြာခင် ဒုက္ခတွေ့ကြတော့မယ်" ဟု ပြောလေ၏။ ထိုအခါ ကျွန်ုပ်က..

"ပေါက်ဖော်ကြီး ဘယ်ဟာက ကောင်းကင်၊ ဘယ်ဟာက မြေကြီးလဲဗျ"

ဟု ပြန်၍ မေးလိုက်ရာ တရုတ်ကြီးက..

“ဖမ်းခွင့်ဆီးခွင့် ရှိတဲ့လူတွေက ကောင်းကင်၊ အဖမ်းအဆီးခံရမယ့် ရိုးရိုးလူက မြေကြီးပေါ့ကွာ၊ ကောင်းကင်နဲ့ မြေကြီး အဆင်ပြေရင် ကောင်းကင်က နေရောင်ခြည်ပေးမယ်၊ မိုးရေပေးမယ်၊ မြေကြီးက သီးနှံတွေ ပြန်ပေးမယ်၊ ရေခိုးရေငွေ့တွေ ပြန်ပေးမယ်၊ ဟန်ကျတာပေါ့ကွာ၊ အဲဒီ လိုမဟုတ်ဘူးဆိုရင်တော့ ကောင်းကင်ရော မြေကြီးရော အဟုတ်မဟုတ်တွေ ဖြစ်ကုန်ရောကွ” ဟု ပြောလေ၏ ။

ထိုအခါ ကျွန်ုပ်က..

“ဒါတွေ မပြောနဲ့ ပေါက်ဖော်ကြီးရာ၊ ကောင်းကင်နဲ့မြေကြီး ဘယ်သူက အရေးကြီးသလဲ” ဟု မေးလိုက်ရာ တရုတ်ကြီးက..

“ကောင်းကင်လည်း ကောင်းကင်လို အရေးကြီးတယ်ကွ၊ မြေကြီးလည်း မြေကြီးလို အရေးကြီးတယ်ကွ၊ အဲဒါထက် အရေးကြီးတာကတော့ ကောင်းကင်နဲ့ မြေကြီးကြားမှာရှိတဲ့ ဥစ္စာပဲ” ဟု တရုတ်ကြီးက ပြန်၍ ဖြေလေ၏ ။

“ကောင်းကင်နဲ့ မြေကြီးကြားမှာ ဘာမှမရှိဘူးလေဗျာ၊ ဘာမှမရှိတာကြီးက ဘယ်လိုလုပ်ပြီး အရေးကြီးမှာလဲ” ဟု ကျွန်ုပ်က မေးလိုက်ရာ တရုတ်ကြီးက..

“ဟော့ကောင် မင်းပန်ပဲဖိုကို ရောက်ဖူးတယ် မဟုတ်လား” ဟု ပြန်၍ မေးလေတော့၏ ။

“ရောက်ဖူးသားပဲဗျ” ဟု ကျွန်ုပ်က ပြန်၍ ဖြေလိုက်လေ၏ ။

“အဲဒီ ရောက်ဖူးရင် အဲဒီ မှာသုံးတဲ့ ဖားဖိုကြီးကို တွေ့ဖူးတယ် မဟုတ်လား” ဟု တရုတ်ကြီးက မေးပြန်လေ၏ ။

“တွေ့ဖူးတာပေါ့ဗျ” ဟု ကျွန်ုပ် သွက်သွက်လက်လက် ဖြေလိုက်လေ၏ ။

“အဲဒီ ဖားဖိုကြီးထဲမှာ ဘာရှိသလဲ” ဟု တရုတ်ကြီးက မေးလိုက်လေ၏။

“အဲဒီ ဖားဖိုကြီးထဲမှာ ဘာရှိရမှာလဲဗျ၊ ဘာမှ မရှိဘူး” ဟု ကျွန်ုပ်က ဖြေလိုက်ရာ တရုတ်ကြီးက..

“အဲဒီ ဘာမှမရှိတဲ့ ဟာကြီးက သံတွေကို ပျော့အောင်လုပ်ပစ်တယ်၊ အရည်ဖြစ်အောင် လုပ်ပစ်တယ်၊ ဓားတွေ၊ လှံတွေ၊ တူရွင်တွေ၊ အကုန်လုံး လုပ်ပြနေတာပဲ၊ မင်း မြဲမြဲမှတ်ထား၊ လောကကြီးမှာ ဘာမှမရှိဘူး၊ ဘယ်ကောင်မှ မဟုတ်ဘူး ဆိုတာတွေကို ဂရုစိုက်ပေတော့၊ အဲဒါတွေဟာ တစ်နေ့နေ့မှာ ဘာမှမရှိဘူးဆိုတာကနေ အများကြီး ရှိကြလိမ့်မယ်၊ ဘာကောင်မှ မဟုတ်ဘူးဆိုတာကနေပြီး အလွန်ကြီးကျယ်တာတွေ ဖြစ်ပြနိုင်တယ်” ဟု ပြောလေ၏။

ထိုအချိန်မှာပင် အညာသား မုန့်ဟင်းခါးသည်ကြီးနှင့် ပုလိပ်တို့၏ အကြားတွင် မုန့်ဟင်းခါးစားလျက်ရှိသော လူအချို့သည် မခံချင်ဖြစ်ကာ ပုလိပ်များနှင့် စကားများလေတော့၏။ စကားများရာမှ ရန်ပွဲအဆင့်သို့ ကူးပြောင်းသွားလေတော့၏။ အတော်ကလေး ရုတ်ရုတ်သဲသဲ ဖြစ်လေတော့၏။ ထိုအခါ တရုတ်ကြီးက..

“ဟိုမှာ မြင်လား၊ ဘာမဟုတ် ညာမဟုတ်တာတွေ အစွမ်းပြကုန်ကြပြီ၊ တို့ဆိုင်ပါ ပြေးရတော့မယ်” ဟု ပြောလေ၏။

မှန်ပေသည်။ များမကြာမီ၌ ပင် ပုလိပ်များရောက်လာပြီးလျှင် မုန့်ဟင်းခါးဆိုင်ကိုသာမက အနီးရှိ အကြော်ဆိုင်များ၊ မုန့်ဆိုင်များနှင့် တရုတ်ကြီးဆိုင်ကြီးပါ သိမ်းခိုင်းလေတော့၏။

ကျွန်ုပ်လည်း တရုတ်ကြီး၏ ပစ္စည်းပစ္စယများကို ဝိုင်းဝန်းထမ်းပိုးပေးခဲ့ရလေတော့၏။ ထိုအချိန်မှစ၍ ထိုနေရာ၌ ဈေးဆိုင်များ ပျောက်ကွယ်သွားလေတော့၏။

အထက်ပါအဖြစ်အပျက်များ ဖြစ်ပွားပြီး နှစ်လခန့်ကြာသောအခါ၌ ထိုထမင်းကြော်ရောင်းသော တရုတ်ကြီးကို ကျွန်ုပ်သည် ဗိုလ်ချုပ်ရေအိုးစင်ထိပ်တွင် တွေ့လေတော့၏။ တွေ့သောအချိန်မှာ ည (၈) နာရီ ခန့်ပင်ဖြစ်၏။ သူသည် တောင်းကြီးတစ်လုံးကို လွယ်ထား၏။ တောင်းထဲတွင် "အီကြာကွေး" များပါ၏။

ကျွန်ုပ်သည် သူ့ကိုတွေ့လျှင် ဝမ်းသာအားရ လက်ကိုဖမ်း၍ ဆွဲလိုက်၏။

"ပေါက်ဖော်ကြီး..ခင်ဗျားကို တွေ့ချင်နေတာ အတော်ပဲ"

ဟု ကျွန်ုပ်က ပြောလိုက်ရာ ပေါက်ဖော်ကြီးက ပြုံးလျက်..

"ဟော့..ကောင်လေး၊ မင်း ကျောင်းမှန်မှန်မတက်ဘူးထင်တယ်။ မင်းကျောင်းကို ငါသွားပြီး ရှာတာ ငါးခေါက်လောက်ရှိပြီ၊ မင်းကို မတွေ့ရဘူး" ဟု ပြောလိုက်ရာ ကျွန်ုပ်က..

"ခင်ဗျား ကျုပ်ကို အလကားလာပြီး ညာပြောနေတာပါ၊ ခင်ဗျား ဘယ်တုန်းက လာလို့လဲ" ဟု ပြန်၍ ပြောလိုက်လျှင် ထိုတရုတ်ကြီးက

"လာတာပေါ့ကွ၊ မင်းတို့ကျောင်းက ဆရာကြီးက ငါလာတဲ့နေ့တုန်းက ဟောဒီလို ဆိုပြနေတယ်၊ (ဆီးရင်း အေ တိုက်ဂါး ဟီ ရမ်းအဝေး) ကျားတစ်ကောင်ကို မြင်ခြင်းကြောင့် သူပြေးလေသည်တဲ့"

ဟု ပြောလေ၏။

တရုတ်ကြီး ပြောသည်မှာ မှန်ပေ၏။ ကျွန်ုပ်တို့ ကျောင်းမှာ ဆရာကြီးသည် မကြာခဏ ဤအတိုင်းသင်လေ၏။ SEEING A TIGER HE RUS AWAY,SEE ဆီး-မြင်သည် ဟူသော ကြိယာကို အိုင်အင်ဂျီ တပ်ခြင်းဖြင့် ကြိယာဘဝမှ နာမ်ဘဝသို့ ပြောင်းလဲသွားသော သင်ခန်းစာပင် ဖြစ်သည်။

*

## လက်ဖက်ရည်သောက်ရင် ဉာဏ်ရွှင်တယ်

ကျွန်ုပ်သည် စာမေးပွဲနားနီးသောကြောင့် ပေါက်ဖော်ကြီးထံသို့ မသွားဖြစ်တော့ပါ။ ထို့အတူ ပေါက်ဖော်ကြီးမှာလည်း ကျွန်ုပ်ထံသို့ မရောက်လာခဲ့ပါ။ ကျွန်ုပ်သည် စာများကို ဖိ၍ ကျက်နေခဲ့၏ ။ ဤသို့နှင့်ပင် မက်ထရစ်စာမေးပွဲ ဖြေဆိုမည့်ရက်သို့ ရောက်လာလေတော့၏ ။ ကျွန်ုပ်ဖြေဆိုရမည့် ကျောင်းမှာ ဗားကရာအနီးရှိ အေဘီအမ်ကျောင်းဖြစ်၏ ။ ထို့ကြောင့် စာမေးပွဲဖြေမည့်ရက်တွင် အိပ်ယာမှထ၍ ရေမိုးချိုးပြီးသည်နှင့် အေဘီအမ်ကျောင်းသို့ အရောက်သွားခဲ့၏ ။

ထိုနေ့က စာမေးပွဲမှာ နှစ်ဘာသာဖြေဆိုရမည့်နေ့ ဖြစ်၏ ။ ပထမတစ်ဘာသာဖြေဆိုပြီး စာမေးပွဲခန်းမှ ထွက်လာခဲ့ရ၏ ။ ထို့နောက် ဒုတိယ ဖြေဆိုရမယ့် ဘာသာရပ်အတွက် စိတ်စောနေမိလေ၏ ။ အခြားသူများမှာမူ လက်ဖက်ရည်ဆိုင်များ၊ ထမင်းဆိုင်များသို့ ပြေးကြပြီဖြစ်၏ ။ အချို့လည်း ထမင်းများ၊ လက်ဖက်ရည်များ အိမ်မှလိုက်၍ ပို့သဖြင့် အဆင်သင့် စားသောက်နေကြရလေ၏ ။ အချို့မှာ သစ်ပင်ရိပ်ကလေးများ၊ ဝရန်တာများတွင် ဒုတိယမြောက် ဖြေဆိုရမည့် ဘာသာအတွက် စာများ နွှေးနေကြပြီဖြစ်၏ ။

ကျွန်ုပ်၏ စိတ်ကူးမှာလည်း စာနွှေးမည်။ စာမေးပွဲဖြေခါနီး မှ လက်ဖက်ရည်ဆိုင်သို့ သွားမည်ဖြစ်၏ ။ ထို့ကြောင့် အခန်းလွတ်တစ်ခုအတွင်းသို့ ဝင်ကာ လွယ်အိပ်အတွင်းမှ မှတ်စုစာအုပ်ကိုထုတ်၍ စာနွှေးရန် ပြင်ဆင်လိုက်ချိန်၌ပင်...

"ဟေ့ကောင် ခုမှ ကျက်မနေနဲ့ကွ ဟောဒီမှာ မင်းအတွက်" ဟူသော

ကျွန်ုပ်၏ မိတ်ဆွေ ပေါက်ဖော်ကြီး၏ အသံကို ကြားသဖြင့် လှည့်ကြည့်လိုက်ရာ ၄င်း၏ လက်တွင်းမှ ပေါက်စီများကို ကျွန်ုပ်ဘက်လှမ်းရင်း လျှောက်လာသော ပေါက်ဖော်ကြီးကို တွေ့ရလေ၏ ။

"လာပါကွာ၊ လက်ဖက်ရည်ဆိုင်သွားပြီး အဲဒီ ပေါက်စီနဲ့ လက်ဖက်ရည်သွားပြီး သောက်လိုက်ပါဦး" ဟု ပေါက်ဖော်ကြီးက ဆိုလေ၏ ။

ကျွန်ုပ်လည်း ၄င်း၏ လက်တွင်းမှ ပေါက်စီ တစ်လုံးကို လှမ်းယူ၍ ပေါက်စီတွင် ကပ်နေသော စက္ကူကို ခွာလိုက်ရာ ပေါက်ဖော်ကြီးက

"လက်ဖက်ရည်ဆိုင်ကျမှ စားစမ်းပါကွာ" ဟု ပြောလေ၏ ။

"ခင်ဗျားကလည်းဗျာ၊ စေတနာရှိရင် လက်ဖက်ရည်လေးပါဖျော်ပြီး ပုလင်းလေးနဲ့ ထည့်လာခဲ့ပါလား" ဟု ကျွန်ုပ်က ပြောလျှင် ပေါက်ဖော်ကြီးက..

"ခက်တယ်ကွာ၊ ပေါက်စီလာမပို့ရင် အပြစ်တင်ခံရမှာမဟုတ်ဘူး။ ပေါက်စီလာပို့လို့ လက်ဖက်ရည်မပါရကောင်းလားဆိုပြီး အပြစ်တင်ခံရတော့တာပဲ၊ ဒီလိုရှိတယ်ကွာ၊ ကမ္ဘာပေါ်မှာ လက်ဖက်ခြောက်ကို စပြီးတွေ့တာ ငါတို့တရုတ်တွေပဲ၊ ဒါပေမဲ့ လက်ဖက်ရည်ကို အညံ့ဆုံး ဖျော်တာလည်း ငါတို့တရုတ်တွေပဲကွ၊ ဒါကြောင့် ငါဖျော်ရင်လည်း မင်းကြိုက်မှာမဟုတ်ဘူး၊ ဆိုင်ကဝယ်ပြီး တိုက်ရမယ့်အတူတူတော့ ဘာလို့ အလေးခံပြီး သယ်လာမလဲ၊ ဒီနားက ဆိုင်မှာပဲ တိုက်ပါ့မယ်"

ဟု ဆိုကာ ပေါက်ဖော်ကြီးက ကျွန်ုပ်အား လက်ဖက်ရည်ဆိုင်သို့ မရမက ခေါ်သွားပြီးလျှင် လက်ဖက်ရည်ဝယ်၍ တိုက်လေ၏ ။

ကျွန်ုပ်သည် လက်ဖက်ရည်သောက်ရင်း ပေါက်ဖော်ကြီးအား..

"ခင်ဗျားက ဘာဖြစ်လို့ တကူးတကကြီး ကျုပ်ဆီလာပြီး လက်ဖက်ရည်တိုက်ရတာ တုံး" ဟု မေးလိုက်ရာ ပေါက်ဖော်ကြီးက..

“လက်ဖက်ရည်ကို အင်္ဂလိပ်လို ဘယ်လိုခေါ်လဲကွ” ဟု ကျွန်ုပ်အား ပြန်၍ မေးလေ၏။

“တီး…လို့ ခေါ်တယ်ဗျ” ဟု ကျွန်ုပ်က ပြန်၍ ဖြေလိုက်လေ၏။

“တရုတ်လို ချား လို့ ခေါ်တယ်ကွ၊ အဲဒီ တော့ မင်းပြောတဲ့ “တီး” နဲ့ ငါပြောတဲ့ “ချား” ပေါင်းလိုက်ရင် တီးချား ဖြစ်သွားတာပေါ့ကွာ၊ အဲဒီ တော့ လက်ဖက်ရည်သောက်လိုက်ရင် မင်းဗိုက်ထဲကို တီးချားတွေ ရောက်သွားတာပေါ့ကွာ၊ တီးချားဆိုတာက သင်ပြသူလို့ အဓိပ္ပာယ်ရတယ် မဟုတ်လားကွ၊ မင်းမေ့သွားတဲ့စာတွေကို မင်းဗိုက်ထဲရောက်သွားတဲ့ တီးချားက သင်ပြပါလိမ့်မယ်ကွာ”

ဟု ပြောဆိုကာ သူတစ်ပါး နားညည်းဖွယ်ကောင်းသော အသံဖြင့် ရယ်မောလေတော့၏။

ထို့နောက် ကျွန်ုပ်တို့သည် လက်ဖက်ရည်ဆိုင်တွင်းမှ ထွက်ခဲ့ကြလေတော့၏။ ထို့ပြင် ပေါက်ဖော်ကြီး လေကြောရှည်နေမည်ဆိုးသဖြင့် ကျွန်ုပ်က

“ကဲ..ပေါက်ဖော်ကြီး ခင်ဗျား ပြန်ပေတော့၊ နောက်နေ့တွေမှာလည်း ခင်ဗျား မလာပါနဲ့တော့ဗျာ၊ ကျုပ် စာကျက်ရဦးမယ်”

ဟု ပြောလိုက်ရာ ပေါက်ဖော်ကြီးက…

“ခုမှတော့ ကျက်မနေပါနဲ့ ငါ့လူရာ၊ တီးချားတွေသာ များများသောက်ပေတော့”

ဟုဆိုကာ ပြန်၍ သွားလေတော့၏။ မည်သို့ဖြစ်သည် မသိပေ။ စာမေးပွဲခန်းသို့ ဝင်သောအခါ ပေါ့ပါးဖျတ်လတ်နေ၏။ ကျွန်ုပ်၏ ဦးနှောက်သည် ကြည်လင်နေ၏။ ဖြေဆိုရမည့် ဘာသာရပ်မှာ အင်္ဂလိပ်စာဖြစ်၏။

ကောင်းစွာဖြေဆိုနိုင်လေတော့၏။

ဤသို့နှင့်ပင် စာမေးပွဲဖြေဆိုခြင်းအလုပ်သည် ပြီးဆုံးသွားလေတော့၏။

စာမေးပွဲဖြေပြီး၍ အားလပ်သွားသောအခါ ပေါက်ဖော်ကြီးထံသို့ ကျွန်ုပ်ရောက်ရှိခဲ့လေတော့၏။ ပေါက်ဖော်ကြီး၏ ဆိုင်ခါးပန်းတွင် (၈၈၄၈) ဟူသော ဂဏန်းလေးလုံး ရေးထားသည်ကို တွေ့ရသဖြင့် ကျွန်ုပ်က..

"အဲဒါ ဘာလဲဗျ" ဟု မေးလိုက်ရာ ပေါက်ဖော်ကြီးက..

"မင်းရဲ့ ခုံနံပါတ်လေကွာ၊ ဟိုတစ်နေ့က မင်းအိတ်ထဲမှာ စာမေးပွဲဖြေခွင့်စာရွက်လေး ထွက်နေတယ်၊ အဲဒီ မှာ မင်းရဲ့နံပါတ်လေးတွေ့လို့ ငါ မှတ်ထားတာကွ" ဟု ပြောလေ၏။

"ခင်ဗျား တော်တော်မျက်စိရှင်တာပဲ၊ ခင်ဗျားမျက်လုံးဟာ ခါးပိုက်နှိုက်မျက်လုံးပဲ၊ ခင်ဗျားသာ ခါးပိုက်နှိုက်ဖြစ်ရင်တော့ လူတွေတော့ မလွယ်ဘူးဗျ၊ ခင်ဗျားက ဉာဏ်သိပ်များတဲ့လူ" ဟု ကျွန်ုပ်က ပြောလိုက်ရာ ပေါက်ဖော်ကြီးက သဘောကျလွန်း၍ ခွက်ထိုး ခွက်လန် ရယ်မောပြီးနောက်...

"ငါက ဉာဏ်များတာ မဟုတ်ဘူးကွ၊ ဉာဏ်ရှင်တာ၊ လူတွေမှာ ဉာဏ်များတာ၊ ဉာဏ်နည်းတာ မရှိဘူးကွ၊ ဉာဏ်သေတာနဲ့ ဉာဏ်ရှင်တာပဲ ရှိတယ်၊ မင်းတို့ မြန်မာမှာတော့ ဉာဏ်ကို တုံးတယ်၊ ထက်တယ်ဆိုပြီး သုံးတယ်ကွ၊ အဲဒါလည်း မဆိုးပါဘူး၊ ငါ့အနေနဲ့ သဘောတူပါတယ်၊ ငါက ဘာဖြစ်လို့ ဉာဏ်ရှင်ရသလဲဆိုတော့ လက်ဖက်ရည်သောက်တာကိုး၊ ပြီးတော့ ငါက အမြဲတမ်း လွတ်မြောက်အောင် နေတယ်၊ ဘယ်ကိစ္စမှ ငြိအောင်မနေဘူး၊ ငါ့မှာ ဆိုင်ရှိတယ်၊ ဆိုင်နဲ့ မငြိဘူး၊ ငါ့မှာ စုဆောင်းထားတဲ့ ပစ္စည်းနည်းနည်းပါးပါးရှိတယ်၊ ဒါပေမယ့် ပစ္စည်းနဲ့ မငြိဘူး၊ "မကပ်မငြိ လွတ်မြောက်၏ " လို့ ငါက အမြဲတမ်း သဘောပေါက်ထားတယ်ကွ" ဟု ပြောလေတော့၏။

ထို့နောက် ကျွန်ုပ်က ၎င်း၏ ပုလင်းကြီးအတွင်းမှ

မြေပဲကြော်အနည်းငယ် နှိုက်၍ စားလေတော့၏ ။ ပေါက်ဖော်ကြီးက ဝက်ခေါင်းသုပ် အနည်းငယ် သုပ်ပေး၏ ။ ထိုသို့ သုပ်ပေးရင်း..

“ဟဲ့.ကောင်လေး၊ စာမေးပွဲ ဖြေနိုင်ရဲ့လား” ဟု မေးလေ၏ ။

“ခင်ဗျား လာတဲ့နေ့ကတော့ ကောင်းကောင်းဖြေနိုင်တယ်” ဟု ကျွန်ုပ်က ပြောလိုက်ရာ ပေါက်ဖော်ကြီးက..

“လက်ဖက်ရည်သောက်တာကိုးကွ၊ ဟို...လွန်ခဲ့တဲ့နှစ်ပေါင်း နှစ်ထောင်ကျော်လောက်တုန်းက နီပေါပြည်က ဘုရင်ရဲ့ သားတော်တစ်ပါးဟာ ရဟန်းပြုပြီး ငါတို့ တရုတ်ပြည်ကို ခြေကျင်ခရီးနဲ့ လာခဲ့ဖူးတယ်၊ သူ့ရဲ့ဘွဲ့ကို ငါတို့ လူမျိုးတွေက “တာမားပိုးတိ” လို့ ခေါ်ကြတယ်၊ မြန်မာလိုပြန်လိုက်ရင်တော့ “ဓမ္မဗောဓိ” ပေါ့ကွာ၊ အဲဒီ “ဓမ္မဗောဓိ” ဆိုတဲ့ ပုဂ္ဂိုလ်ဟာ တရုတ်ပြည်ရောက်တဲ့အခါမှာ နံရံတစ်ခုကို ကြည့်ပြီး တရားကျင့်တယ်ကွ၊ အဲဒါကြောင့် နံရံတံတိုင်းကို ကြည့်ပြီး တရားကျင့်တဲ့ ပုဂ္ဂိုလ်ဖြစ်လို့ “တံတိုင်းကြည့်အရှင်” လို့ လည်း ခေါ်ကြတယ်၊ ဒါကြောင့် တရုတ်လို “ပီကွမ်း” လို့ ခေါ်ကြတယ်၊ အဓိပ္ပာယ်ကတော့ “တံတိုင်းကြည့်အရှင်” ပါပဲကွာ၊ အဲဒီ ပုဂ္ဂိုလ်ကြီးဟာ တံတိုင်းကို ကြည့်ပြီး တရားကျင့်တဲ့အခါ သူ့မျက်ခွံတွေဟာ လေးပြီး အိပ်ချင်လာတယ်တဲ့၊ အဲဒါကြောင့် “တာမားပိုးတိ” က “မျက်ခွံတွေရှိသမျှ ငါအိပ်ချင်နေမှာပဲ၊ ဒါကြောင့် မျက်ခွံတွေကို စွန့်ပစ်ရမယ်” ဆိုပြီး သူ့ရဲ့ မျက်ခွံတွေကို ဓားနဲ့လှီးပြီး လွှင့်ပစ်လိုက်တယ်၊ ဒါကြောင့် သူ့ရဲ့မျက်လုံးတွေဟာ ဘယ်တော့မှ ပိတ်လို့မရတော့ဘူး၊ အိပ်ခြင်းဆိုတာလည်း သူ့အတွက် မရှိတော့ဘူး၊ အဲဒီ လို သူလွှင့်ပစ်တဲ့ မျက်ခွံတွေဟာ မိုးရွာတဲ့အခါမှာ အပင်ထ ပေါက်တယ်ဆိုပဲ၊ အဲဒီ အပင်ကို လက်ဖက်ပင်လို့ ငါတို့ တရုတ်တွေက ယူဆကြတယ်၊ ဒါကြောင့် လက်ဖက်စားရင် တာမားပိုးတိရဲ့ ဓာတ်ဝင်ပြီး မအိပ်ချင်တော့ဘူးပေါ့ကွာ” ဟု ပြောလေတော့၏ ။

မှတ်ချက်။ ပေါက်ဖော်ကြီးပြောသော “တာမားပိုးတိ” မှာ တရုတ်သိုင်း

ဝတ္ထုများတွင်ပါသော ရှောင်လင်ကျောင်းတော်ကြီး၏ အဦးအစ ဆရာတော်ကြီးဖြစ်ပါသည်။ ဘာသာပြန် တရုတ်သိုင်း ဝတ္ထုများကို ဖတ်ရှုရာတွင် "တာမားပိုးတိ" ဆိုသည်ကို တွေ့ရပေလိမ့်မည်။ ၎င်းမှာ ပေါက်ဖော်ကြီးပြောသော "တာမားပိုးတိ" ခေါ် "ဓမ္မဗောဓိ" သို့မဟုတ် "ဗောဓိဓမ္မ" ပင် ဖြစ်ပါသည်။

(စာရေးသူ)

ထို့နောက် ကျွန်ုပ်နှင့် ပေါက်ဖော်ကြီးတို့သည် ဝက်ခေါင်းသုပ်စားရင်း စကားစမြည် ပြောဆိုနေကြလေ၏ ။ ကျွန်ုပ်သည် ဝက်ခေါင်းသုပ်စားပြီးနောက် ၎င်း၏ ဖန်ပုလင်းထဲမှ ကွာစိအချို့ကို နှိုက်ယူစားသောက်ပြန်၏ ။ ထိုအခါ ပေါက်ဖော်ကြီးက..

"ငါတို့ တရုတ်လူမျိုးမှာ စကားလုံးတစ်ခုရှိတယ်ကွ၊ ရောဂါဝင်တဲ့ တံခါးပေါက်ဟာ ပါးစပ်လို့ ဆိုတယ်၊ မင်းပါးစပ်ကတော့ တစ်ခုပြီးတစ်ခု စားနေလေတော့ ဘာရောဂါတွေ ဝင်နေသလဲ မသိဘူး" ဟု ပြောလေ၏ ။

ထို့နောက် ကျွန်ုပ်သည် ပေါက်ဖော်ကြီးဆိုင်၌ ဝိုင်းဝန်းလုပ်ကိုင်ပေးပြီးလျှင် အိမ်သို့ ပြန်လာခဲ့လေတော့၏ ။ အိမ်သို့ရောက်လျှင် ကျွန်ုပ်၏ အိမ်နီးချင်းလည်းဖြစ်၊ သူငယ်ချင်းလည်းဖြစ်သော သိန်းရွှေဆိုသူက ကန်တော်ကြီးသို့ သွား၍ ရေကူးရန် အဖော်ညှိလေတော့၏ ။ ထိုအခါ ကျွန်ုပ်လည်း လိုက်မည်ဖြစ်ကြောင်းပြောရာ ၎င်းက သူ၏ အိမ်သို့ ခေတ္တလိုက်ခဲ့ရန်။ သူ၏ အိမ်တွင်ရှိသော ထမင်း၊ ဟင်းများကို ထုပ်၍ ယူသွားမည်၊ ရေကူးပြီး၍ ဆာလျှင် ထိုထမင်း၊ ဟင်းများကို နှစ်ယောက်သားစားမည်ဟု ပြောသဖြင့် သူ၏ အိမ်သို့ လိုက်သွားရလေ၏ ။ အိမ်သို့ရောက်လျှင် ထမင်းထုပ်များ ထုပ်လေ၏ ။ ၎င်းထမင်းထုပ် ထုပ်နေစဉ်အတွင်း ၎င်း၏ ညီမဖြစ်သူက ကျွန်ုပ်အနီးသို့ လာကာ ကျွန်ုပ်အား..

"အစ်ကို ရေကူးတတ်လို့လား၊ သိန်းရွှေလုပ်တိုင်း လိုက်ပြီးမလုပ်နဲ့၊

ရေနစ်ပြီး သေနေဦးမယ်၊ သိန်းရွှေတို့ ကျွန်မတို့ကတော့ ပန်းတနော်မှာ နေခဲ့တာဆိုတော့ ရေကူးသိပ်ပြီး ကျွမ်းကျင်တယ်” ဟု ပြောလေ၏။

ထိုသို့ သတိပေးပြီးနောက် ထိုမိန်းကလေးသည် ကျွန်ုပ်အနီးမှ ထွက်ခွာသွားလေ၏။ ထိုမိန်းကလေးသည် ထိုသို့ ထွက်သွားရာ၌ ကျွန်ုပ်ကို ကြည့်၍ သွားလေ၏။ ၎င်းကြည့်သွားသော မျက်လုံးများမှာ ကျွန်ုပ်ရေနစ်သေမည်ကို စိုးရိမ်နေပုံရ၏။

ထိုမိန်းကလေးသည် ကျွန်ုပ်အနေနှင့် တွေ့နေကျ၊ မြင်နေကျ မိန်းကလေးဖြစ်၏။ သို့ရာတွင် ၎င်းကြည့်သွားသော မျက်လုံးများမှာမူ ကျွန်ုပ်တွေ့နေကျ၊ မြင်နေကျမျက်လုံးမျိုးမဟုတ်၊ ကျွန်ုပ်၏ ရင်ကို “ဒိန်းခနဲ” ဖြစ်သွားစေ၏။ ထိုအချိန်၌ မှာပင် ထိုမိန်းကလေး ကျွန်ုပ်ဆီသို့ တစ်ခေါက်ပြန်လာပြီးလျှင်..

“ရေကောင်းကောင်း မကူးတတ်ရင် အစပ်မှာပဲ ချိုးပေါ့၊ သိန်းရွှေက ရေနက်ထဲကနေ ရေတိမ်တိမ်လေးပါဆိုပြီး ညာခေါ်လိမ့်မယ် မယုံနဲ့”

ဟု မှာကြား ကရုဏာသက်သော မျက်လုံးဖြင့် ကြည့်၍ ထွက်သွားလေတော့၏။ ကျွန်ုပ်သည် မည်သို့ဖြစ်သည်မသိ။ ကျွန်ုပ်၏ ရင်၌ တစ်စုံတစ်ခုသော ဝေဒနာကြောင့် ပြင်းပြင်းထန်ထန် လှုပ်ခတ်သွားသည်ကို သတိပြုမိလိုက်လေသည်။ ထိုအချိန်၌ ပင် သိန်းရွှေလည်း ကျွန်ုပ်အနီးသို့ ရောက်လာပြီး ရောက်လာပြီး “သွားမယ်” ဟု ဆိုလေ၏။ ထို့ကြောင့် ကျွန်ုပ်နှင့် သိန်းရွှေသည် ကန်တော်ကြီးသို့ သွားကြလေ၏။

ကန်တော်ကြီးသို့ရောက်လျှင် ကျွန်ုပ်သည် ဟိုမှသည်မှ ခွေးကူးကူး၍ နေလေ၏။ သိန်းရွှေသည် ရေနက်နက်သို့သွားပြီး ကိုယ်ကိုဖော့၍ လက်နှစ်ဖက်ကို ထောင်ကာ..

“ဟေ့ကောင် လာပါကွ၊ တိမ်တိမ်ကလေးပါ” ဟု လိမ်ညာ၍ ခေါ်တော့၏

။ ကျွန်ုပ် ကောင်းစွာသိလေသည်။ ထိုသို့ သိလိုက်သည်နှင့် တစ်ပြိုင်နက် ကျွန်ုပ်အား သတိပေးလိုက်သော မိန်းကလေး၏ မျက်နှာသည် “ကွက်ခနဲ” အာရုံ၌ ပေါ်လာလေတော့သည်။

ထို့နောက် ရေချိုးပြီး ကျွန်ုပ်တို့သည် ထမင်းထုပ်ကို အတူစားကြသည်။ ကျွန်ုပ်တို့ ထမင်းစားသောက်နေကြစဉ်မှာပင် ကျွန်ုပ်တို့သူငယ်ချင်း စိုးသိန်းဆိုသူ ရောက်လာလေတော့သည်။ သူသည် ကျွန်ုပ်တို့နှင့်အတူ ထမင်းစား၏ ။ ထမင်းစားပြီးမှ ရေကူးလေတော့သည်။ ၎င်းစိုးသိန်းသည် ဘိုကလေးသားဖြစ်သောကြောင့် ၎င်းလည်း ရေကူးကျွမ်းလေ၏ ။ စိုးသိန်း ရေကူးနေစဉ် ကျွန်ုပ်သည် စောစောက သိန်းရွှေ လိမ်၍ ခေါ်သော နေရာဆီသို့ ကူးခိုင်းလေ၏ ။ ထိုနေရာသို့အရောက်တွင် ကျွန်ုပ်က ၎င်းကို လက်နှစ်ဖက်အား အမြှောက်ခိုင်း၏ ။ စိုးသိန်းကလည်း ကျွန်ုပ်ပြောသည့်အတိုင်း မြှောက်၏ ။ ထိုအခါ ကျွန်ုပ်က တိမ်သလား၊ နက်သလားဟု မေးရာ ၎င်းက..

“အနက်ကြီးကွ၊ ငါက ခြေထောက်ကို လှုပ်နေလို့ ပေါ်နေတာ၊ မလှုပ်ဘဲ ရပ်ထားတာနဲ့ မြုပ်သွားမှာ၊ ဟောဒီမှာ ကြည့်”

ဟု ဆိုကာ ၎င်းသည် ခြေထောက်လှုပ်ခြင်းကို ရပ်လိုက်သည် ဆို၏ ။ ထိုခဏ၌ ပင် ၎င်းသည် အောက်သို့ မြုပ်သွားလေတော့၏ ။ တစ်အောင့်ကြာမှ ပြန်၍ ပေါ်လာပြီးလျှင် ၎င်းဘာသာ ရေကူး၍ နေလေတော့၏ ။ ထို့နောက် ကျွန်ုပ်တို့သုံးဦးသည် အိမ်သို့ ပြန်လာခဲ့ကြလေ၏ ။ အထက်ပါ အဖြစ်အပျက်များ ဖြစ်ပျက်ပြီး နှစ်ရက်ခန့် ကြာသောအခါ၌ ကျွန်ုပ်သည် ပေါက်ဖော်ကြီး၏ ဆိုင်သို့ ရောက်ရှိပြန်၏ ။ ကျွန်ုပ်က ကန်တော်ကြီးသို့ ရေကူးသွားသော အဖြစ်အပျက်ကို ပြောပြရာ ပေါက်ဖော်ကြီးက…

“ရေထဲမှာ ရေကူးတတ်တဲ့ လူတိုင်းဟာ ရေမကူးတတ်တဲ့ လူတိုင်းကို ကျီစားလေ့ရှိတယ်ကွ၊ ရေကူးတတ်တဲ့လူက ရေကူးခြင်းကို သူ့အနေနဲ့ လွယ်ကူတဲ့အလုပ်ဖြစ်လေတော့ ကျန်တဲ့လူကိုလည်း သူ့လိုပဲ လွယ်လိမ့်မယ်လို့

ထင်နေတယ်၊ အဲဒါကြောင့် ကျီစားတာပဲ၊ အဲဒီ ကျီစားးမှုဟာ အဆင်မသင့်ရင် သေတယ်ကွ၊ အဲဒီ တော့ သတိရှိဖို့တော့ လိုတယ်၊ ပြီးတော့ မင်းကို တစ်ခုပြောထားဦးမယ်၊ ရေနက်သလား၊ တိမ်သလား သိချင်ရင် ခဲလုံးတစ်လုံး လှမ်းပစ်ကြည့်ရတယ်၊ ရေနဲ့ ခဲလုံးနဲ့ ထိတဲ့အချိန်ကစပြီး တစ်၊ နှစ်၊ သုံး လေး ရေကြည့်ရတယ်၊ အဲဒီ လို ရေကြည့်တဲ့အခါမှာ ခဲလုံးဟာ အောက်က မြေကြီးနဲ့လည်း ထိရော ရေပူဖောင်းကလေးတွေကို ရေမျက်နှာပြင်ပေါ် တင်ပေးလိုက်တယ်၊ ငါးကျမှ အဲဒီ ပူဖောင်းကလေးတွေပေါ်လာရင် အဲဒီ ရေဟာ ငါးတောင်နက်တယ်၊ ခြောက်ကျမှ အဲဒီ ပူဖောင်းကလေးတွေ ပေါ်လာရင် ခြောက်တောင်နက်တယ်လို့ အကြမ်းဖျင်းမှတ်တော့၊ ပြီးတော့ အကောင်းဆုံးကတော့ ရေကူးတတ်အောင် သင်ထား၊ မတော်တဆ ဖြစ်ရရင်လည်း အကြောက်မလွန်နဲ့၊ ဒါပဲပေါ့ကွာ”

ဟု ပြောလိုက်လေ၏။

ထို့နောက် ကျွန်ုပ်သည် သိန်းရွှေ၏ နှမ ကောင်မလေးအကြောင်းကို ပြောပြပြန်ရာ ပေါက်ဖော်ကြီးက..

“အဲဒီ ကိစ္စက ရေနစ်တာထက် ဆိုးတယ်ဟေ့၊ ရေရဲ့ အတိမ်၊ အနက်က စောစောကလို ခဲလုံးကလေး ပစ်ကြည့်လို့ သိနိုင်ပေမယ့် မိန်းမကတော့ သိနိုင်ဖို့ ခက်တယ်ကွ၊ ရေထက် အသိရခက်တယ်ကွ၊ အကြမ်းဖျင်း ပြောရရင်တော့ ကောင်မလေးဟာ မင်းကိုကြိုက်နေတယ်ပေါ့ကွာ၊ ငါ့စကားကို သေချာပေါက်တော့ မယူနဲ့ဦး၊ သူ့ကို ပစ်ကြည့်ဖို့ ခဲလုံးကောင်းကောင်း လိုချင်လိုလိမ့်မယ်၊ ဘာပဲဖြစ်ဖြစ် ငါထင်သလို ကောင်မလေးက မင်းကို ကြိုက်နေတယ်ထင်ရင်တော့ ခိုးပြေးတာ အကောင်းဆုံးပဲကွ၊ မင်းဟာ ၁၀ တန်းကြီးများတောင် ရောက်နေမှပဲ၊ ပြီးတော့လည်း ကံဆိုးပြီး မိန်းမဆိုးနဲ့ ညားမှာကို မကြောက်နဲ့ကွ၊ ငါတို့ တရုတ်လူမျိုးမှာ စကားပုံရှိတယ်ကွ”

“မိန်းမ ဆိုးဆိုးရတဲ့ဟူသာ ပညာရှိ ဖြစ်သွားတတ်တယ်” တဲ့”

ဟု ပြောလိုက်လေ၏ ။

*